# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏။ စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၂၀ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၁)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား COVID - 19 ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ရန်ကုန် မတ် ၁၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID–19 ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်း၌ ပြုလုပ်သည်။

ဆေးထိုးနှံခြင်း အစီအစဉ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အင်းစိန်ရွာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်ကြီးများ စုစုပေါင်း (၄၅) ပါးတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေး စစ်ဆေးပေးကြပြီး ဒုတိယအကြိမ်အဖြစ် COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံပေးကြသည်။

ထိုသို့ ဆရာတော်ကြီးများအား COVID–19 ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား COVID–19 ကာကွယ်ဆေးထိုးနှံပေးစဉ်။ သတင်းစဉ်

## ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၅ /၂၀၂၁ )**
**နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)**

၁။ နိုင်ငံတော်အနေဖြင့် COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား ၁-၄-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်ခဲ့မှုများ ဆက်လက်ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**


## အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

စာ ၆

## အမေရိကန်နှင့် တရုတ် ထိပ်တန်းသံတမန်များ အလက်စကာတွင် ဆွေးနွေးမှုစတင်

စာ ၁၂





# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မှတ်ပုံတင်မရသေးသည့် နိုင်ငံသားများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်ရေး

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများ၌ ကြီးမားစွာ ကွာခြားမှုများရှိနေခြင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးရန် ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်း၏ အဓိက အကြောင်းတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့် အညီ ဆက်လက်လုပ်ဆောင်သွားရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင် ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန် အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်ဟူသည့် အချက် နှစ်ချက် ပါဝင်လျက်ရှိနေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်က အစည်းအဝေး အဖွင့်အမှာစကား ပြောကြားရာတွင် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ဆောင်ရွက် မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သလို “ မဲစာရင်းများအား ဆောင်ရွက်ရာတွင် လူဦးရေ စာရင်းများ မှန်မှန်ကန်ကန်ရှိစေရန်အတွက်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ရှေ့ပြေးသန်းခေါင်စာရင်းများ အပေါ်မူတည်၍ စာရင်းများ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက် ရန်လိုကြောင်း၊ မှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားများအား အမြန် ဆုံးရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မှတ်ပုံတင်မရရှိသေးသည့် တိုင်းရင်း သားများရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သမာသမတ် ရှိစွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းရှိခဲ့ရာ မဲပေးနိုင်သူဦးရေ၏ ၂၀ ရာခိုင်နှုန်းနီးနီးမှာ နိုင်ငံသား စိစစ်ရေးကတ် (မှတ်ပုံတင်) မရှိခဲ့ကြောင်း ထိုစဉ်က သတင်းမီဒီယာ များတွင် ဖော်ပြခဲ့ကြသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေး သော်လည်း အသက် ၁၈ နှစ်ပြည့်ပြီး မဲစာရင်းတွင် ပါဝင်သူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ အင်န်ဂျီအိုစသည့် အသင်းအဖွဲ့ကတ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ကော်မရှင် အဖွဲ့ဝင်တစ်ဦးဦးတို့၏ ထောက်ခံချက်များပြသ၍ မဲပေးနိုင်ကြောင်း ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်) အထောက်အထားကသာ အကောင်းဆုံးဖြစ်ကြောင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် အရပ်ဘက်အဖွဲ့အစည်းအချို့က ဝေဖန်ထောက်ပြခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအထိကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား များပြုလုပ်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း ကတ်ပြားခြောက်သန်း ခန့် ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် လဝကအနေဖြင့် တာဝန်ယူ ဆောင်ရွက်ပေးနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်တို့မှာ အတိုးအလျော့၊ အရွှေ့အပြောင်းများ နိစ္စဓူဝ ရှိနေမည်ဖြစ်ပြီး လဝက၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့တွင် အချိန်ယူရသည်နှင့်အမျှ စာရင်းအမှန်နှင့် ကွာဟမှုရှိနေမည်ဖြစ်ရာ ယင်းကဲ့သို့ ကွာဟမှုနည်းနိုင်သမျှနည်းရန် ကြိုးပမ်းကြရမည်ဟု ရှုမြင်မိ သည်။ ထို့ပြင် လက်ရှိအသုံးပြုနေသည့် စက္ကူကတ်များနေရာတွင် ဒစ်ဂျစ်တယ်ကတ် e-ID များ အစားထိုးပြုလုပ်မှု ပြီးပြည့်စုံလာသည်နှင့် အမျှ အထက်ဖော်ပြပါ အခက်အခဲတို့လည်း ပြေလည်သွားမည် ဖြစ်သည်။

ပြန်လည်ကျင်းပရမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲအတွက် လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရေး၊ မှတ်ပုံတင် မရသေးသူများ(တိုင်းရင်းသားဒေသများအပါအဝင်) မြန်မြန်ဆန်ဆန် ရရှိရေးတို့မှာ အချိန်ကာလကန့်သတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ရာ နည်းပညာအကူအညီ၊ မိတ်ဖက်အင်အားတို့၏ အကူအညီဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်အောင်မြင်နိုင်မည်ဟု ယုံကြည်ပါ ကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန် ပေးအပ်လိုက်သည်။

## ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၁ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၁ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ကလေးဝတောရ နာဂလိုဏ်ဂူပရိယတ္တိစာသင်တိုက်သို့ ထာဝရပစ္စည်းလေးပါး ဆွမ်းပဒေသာပင် လှူဒါန်း အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ၌ ခင်းကျင်းနေရာချထားမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရ နာဂလိုဏ်ဂူပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ကလေးဝတောရ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ အရှင်သူမြတ်ထံ ထာဝရပစ္စည်းလေးပါး ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။** (ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများက ဓမ္မာနုဂ္ဂဟဖြင့် ဆောင်ရွက်သကဲ့သို့ ဒါယကာများမှလည်း ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့လှူဒါန်းရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ယူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တစ်နိုင်ငံလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ ပြည်သူများဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ အကြိမ် (၆၀) မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးကို အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့ပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပွဲ အခမ်းအနားကို တပေါင်းလပြည့်နေ့ (မတ် ၂၈) ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကို အထူးအလေးထား ထောက်ပံ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

### ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အမျိုးသား စာကြည့်တိုက် (ရန်ကုန်) ၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ရှိ Multimedia Room၊ Digital Library Room၊ Children Story Telling Room၊ Children Library Room၊ Special Reading Room၊ Data Center၊ Exhibition Hall၊ စာအုပ်စင်ခန်းများနှင့် သင်တန်းခန်းမတို့၏ ခင်းကျင်းနေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှုရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလ၌ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတကာစာကြည့်တိုက်များဖြင့် ချိတ်ဆက်၍ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။




### ဝန်ထမ်းများနှင့် တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံပြီး True University is collection of Books ဟု ဆိုသည့်အတိုင်း စာကြည့်တိုက်သည် ဘဝအတွက် အသိပညာနှင့် ဗဟုသုတများ ရှာမှီးရန် ဘဝတက္ကသိုလ်ဖြစ်ကြောင်း၊ စာကြည့်တိုက်တွင် Self Learning လုပ်နိုင်ကြောင်း၊ လူတိုင်းသည် အတန်းပညာဖြင့် စာတတ်မြောက်ပြီးပါက စာဖတ်ရန်လိုအပ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်တတ်ရန်လိုကြောင်း၊ မိမိနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် စာပေများကို ရွေးချယ်ဖတ်ရန်နှင့် အဆိပ်အတောက်ဖြစ်သည့် စာများကို မဖတ်မိရန်လိုကြောင်း၊ စာဖတ်ပါက အသိဉာဏ်ပြည့်ဝခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ စဉ်းစားတွေးခေါ်တတ်ခြင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှားအမှန် ခွဲခြားတတ်ခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်း၊ အလုပ်မှန်ကန်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ အမျိုးသား စာကြည့်တိုက်မှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ စွမ်းအားပြည့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်လုပ်ငန်းသည် အသိပညာနှင့် ဗဟုသုတဆိုင်ရာ ဝန်ဆောင်မှုပြုလုပ်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အများပြည်သူ ဝန်ဆောင်မှုကို စေတနာထား ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

အမျိုးသား စာကြည့်တိုက် (ရန်ကုန်) တွင် စာကြည့်တိုက်ဆိုင်ရာ အခမ်းအနားများကို ကျင်းပနိုင်ခြင်း၊ အမျိုးသားစာကြည့်တိုက်တွင် ဖြစ်စေ၊ Library Portal တွင်ဖြစ်စေ ရယူအသုံးပြုနိုင်မည့် IG Publishing e-Books Database တစ်ခုစီကို စီစဉ်ဆောင်ရွက်ထားရှိပြီး အာရှဒေသတွင်းနိုင်ငံများဆိုင်ရာ စာအုပ်များ၊ ကလေးစာပေဆိုင်ရာ Audio နှင့် e-Books စသည့် e-resources များကို online မှရှာဖွေအသုံးပြုနိုင်ခြင်း၊ Multimedia Room တွင် ကျောင်းသူ၊ ကျောင်းသားများအတွက် e -Tekkaatho နှင့် ပညာရပ်ဆိုင်ရာ Database များ စီစဉ် ဆောင်ရွက်ထားရှိခြင်း၊ Digital Library Room တွင် စုဆောင်းထားသော စာပေပစ္စည်းများ၏ ကက်တလောက်

*စာမျက်နှာ ၄ သို့*

# မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Fish Processing စီးပွားရေးဇုန်များကို နယ်စပ်တွင် ထူထောင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော်  မတ်  ၁၉

**မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Fish Processing စီးပွားရေးဇုန်များကို နယ်စပ်တွင် ထူထောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ စီမံအုပ်ချုပ်ရေးကောင်စီမှတာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

### ကူညီဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ရေလုပ်ငန်းသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ရေထွက်ပစ္စည်း လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးသာမက ပြည်တွင်းစားသုံးမှုဖူလုံစေရေး အာဟာရပြည့်ဝရေးနှင့် စားသုံးသူ ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို အလေးပေး၍ ဒေသနေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက် နှစ်ခုလုံးအတွက် တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်မည့် Fish Processing စီးပွားရေးဇုန်များ ပေါ်ထွန်းလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညှိနှိုင်းကူညီဆောင်ရွက်လျက်ရှိကြောင်း။

### စီမံကိန်းများ ရေးဆွဲ

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းကုန်ကြမ်းများ တင်ပို့ရောင်းချသည့် အခြေအနေမှ တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်ရောင်းချသည့် နိုင်ငံအဖြစ် ပြောင်းလဲ ရပ်တည်နိုင်ရေး ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲများကျော်လွှားနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းဇုန်ကြီး များကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ထူထောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက လိုအပ်သည့်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

### ပြည်ပဝင်ငွေရှာဖွေ

မြန်မာ့ရေလုပ်ငန်း ကဏ္ဍအနေဖြင့် ကမ်းဝေးငါးဖမ်းရေယာဉ် (၃၂၀၀)၊ ကမ်းနီးငါးဖမ်းရေယာဉ် (၁၉၁၉၂) စီး၊ ငါးသယ်ရေယာဉ် (၂၆၀)တို့ဖြင့် ကမ်းရိုးတန်းဒေသများတွင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး ပြည်နယ်များ၌ ငါး/ပုစွန် မွေးမြူရေးကန် ဧက (၅) သိန်းခန့်၊ စက်ရုံ (၁၂၄) ရုံဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပသို့နှစ်စဉ် တင်ပို့နိုင်မှုကြောင့် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ အခြေအနေအရ နယ်စပ်ဖြတ်ကျော်တင်ပို့မှု အခက်အခဲများအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသဆိုင်ရာ ငါးလုပ်ငန်းအသင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနတို့က ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီး၌ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ကိုဗစ်-၁၉ ကဲ့သို့သော မမျှော်မှန်းနိုင်သည့် ဘေးဒုက္ခ ကြုံတွေ့ချိန်များတွင် ငါးလုပ်ငန်းကို အဓိကစီးပွားရေး အဖြစ် ဆောင်ရွက်နေသော ဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက်သို့ ပြောင်းလဲရေး၊ ရေခဲရိုက် ငါးကုန်ကြမ်း တင်ပို့မှုမှ ပြုပြင်ထုတ်လုပ်ပြီး ကုန်ချော တင်ပို့ရောင်းချနိုင်ရေးနှင့် မိမိတို့နိုင်ငံသားများ၏ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိမှုကို အာမခံချက်ပေးနိုင်ရေးအတွက် Fish Processing ဇုန်ထူထောင်နိုင်ရေးကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စားသုံးသူရေးရာကော်မရှင်နှင့် ယှဉ်ပြိုင်မှုကော်မရှင်တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ

နေပြည်တော်  မတ်  ၁၉

စားသုံးသူကာကွယ်ရေးဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေများအရ ဖွဲ့စည်းထားရှိသော မြန်မာနိုင်ငံ စားသုံးသူရေးရာ ကော်မရှင်နှင့် ယှဉ်ပြိုင်မှုကော်မရှင်တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။



### အရှိန်အဟုန်မပျက် ဆောင်ရွက်

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် စားသုံးသူရေးရာကော်မတီများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်၊ တိုင်းဒေသကြီး/ပြည်နယ် ကောင်စီများထံသို့ သွားရောက်၍ စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးရန်၊ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းစားသုံးမှုပုံစံများကို အဓိကထားပြောင်းလဲရန်၊ ဆီစားသုံးမှုလျှော့ချရေးအတွက် နေ့စဉ်ထုတ်သတင်းစာများ၊ သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်နှင့် ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေး ကြိုးပမ်းသွားရန်တို့ကို မှာကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းမှု၊ စားသုံးသူရေးရာကော်မရှင်နှင့် ကော်မတီများဖွဲ့စည်းထားရှိမှု၊ စားသုံးသူရေးရာဆိုင်ရာ အမှုကိစ္စများ ကိုင်တွယ်ဖြေရှင်းမှုများနှင့် မြန်မာနိုင်ငံတွင် စားအုန်းဆီတင်သွင်းမှုလျှော့ချရေး ဆောင်ရွက်ထားရှိမည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲမှ ယှဉ်ပြိုင်မှုဥပဒေ ရေးဆွဲပြဋ္ဌာန်းမှု၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းထားရှိမှု၊ ကော်မရှင်၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်မှုဆိုင်ရာ အမှုကိစ္စများ ကိုင်တွယ်ဖြေရှင်းမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### တက်ရောက်ခဲ့

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

အချက်အလက်များကို အမျိုးသားစာကြည့်တိုက် Website ရှိ အွန်လိုင်း ကက်တလောက်တွင် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်ခြင်း၊ ရှားပါးစာနယ်ဇင်းနှင့် ပေပုရပိုက် စာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်းတို့ကို စီစဉ် ဆောင်ရွက်ထားရှိခြင်း၊ မသန်စွမ်းသူများ စာဖတ်ခန်းတွင်လည်း အမြင်အာရုံ ချို့ယွင်းသူများ ဖတ်ရှုနိုင်ရန်အတွက် မျက်မမြင်စာဖြင့် ရေးသားထားသည့် စာအုပ်များ၊ မျက်မမြင်သုံး စာရေးကိရိယာများ၊ စာအုပ်ပါအကြောင်းအရာများကို နားထောင်နိုင်မည့် Audio Book ၊ MP3 Player နှင့် DVD Player များ စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ ကလေးများအတွက် ကလေးစာပေဆိုင်ရာ စာအုပ်များ၊ ပုံပြောခန်းများ စီစဉ်ဆောင်ရွက်ပေးထားခြင်းအပြင် Audio Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဓလေ့ဆိုင်ရာ Documentary Film များ၊ အပတ်စဉ်/ လစဉ် ပြသမည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေဆိုင်ရာ e-Resources များအား Website www.nlm.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ဥတုရာသီ
တောကိုမှီ၏

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုပေးနိုင်ရေး၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့မည့် ဟိုတယ်ဝန်ထမ်းနှင့် ဧည့်လမ်းညွှန်များကို ကိုဗစ်- ၁၉ ကာကွယ်ဆေး အမြန်ထိုးနှံပေးနိုင်ရေး၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။



### ကန့်သတ်ချက်များဖြေလျှော့ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားရှိသည့် Inya Lake Hotel အားကြည့်ရှုစစ်ဆေးပြီး ဟိုတယ်အတွင်း တည်းခိုနေသည့် နိုင်ငံခြားသားဧည့်သည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် Inya Lake Hotel၊ Ruby ခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခရီးသွားလုပ်ငန်းကို အမြန်ဆုံး ပြန်လည် စတင်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရန် အထူးအလေးအနက်ထားမှာကြားခဲ့သည့်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်သူများ ကိုဗစ်- ၁၉ ကာလအလွန် မွန်းကျပ်နေသော စိတ်ခံစားမှုများလျော့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာအပန်းဖြေနိုင်ရေးအတွက် ခရီးသွားကန့်သတ်ချက်များ တစ်ပြေးညီ ဖြေလျှော့ပေးခြင်း၊ ဟိုတယ်/ မိုတယ်များ ဖွင့်လှစ်ပေးခြင်းနှင့် အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ကိုဗစ်- ၁၉ ကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ကာလရှည်ကြာစွာ ရပ်ဆိုင်းထားရသဖြင့် လုပ်ငန်းရှင်များ အခက်အခဲများ ဖြစ်ပေါ်နေသည်ကို သိရှိရကြောင်း။

### စည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး

ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းရှင်များမှ အလေးထား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ ကိုဗစ်ကင်းစင်စွာဖြင့် ယုံကြည်စိတ်ချစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ချက်နှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လွတ်လပ်စွာ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှလည်း လုပ်ငန်းရှင်များမှ ဆောင်ရွက်လိုသည့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားဧည့်သည်များနှင့် အဓိက ထိတွေ့သည့် ဟိုတယ်ဝန်ထမ်းနှင့် ဧည့်လမ်းညွှန်များကိုလည်း ဦးစားပေး ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် အပြည့်အဝကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အသင်းများမှ တာဝန်ရှိသူများနှင့် ခရီးသွားနယ်ပယ်အလိုက် လုပ်ငန်းရှင်များ၏ အသံကိုနားထောင်၍ အခြေအနေအမှန်ကို သိရှိမှသာ လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ရင်ဆိုင်တွေ့ကြုံရသည့် ပကတိအခြေအနေအမှန်ကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဖြင့် ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

### ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်နိုင်ရေး အသင်းများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ ကိုဗစ်- ၁၉ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မှုနှင့် ထပ်မံရရှိနိုင်ရေး ကိစ္စနှင့် ခရီးသွားကော်မတီများ ပြန်လည်ဖွဲ့စည်းမည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နိုင်ငံတော်မှ ချေးငွေဆိုင်းငံ့ထားရှိမှု၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးစေလိုမှု၊ အသင်းများမှ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အမည်စာရင်းရရှိမှု၊ ဟိုတယ်များ အမြန်ဖွင့်လှစ်ပေးစေလိုသည့်အခြေအနေ၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ ခွင့်ပြုပေးနိုင်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ပြည်တွင်း ဘုရားဖူးလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး အခြေအနေနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်နိုင်ရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၉**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body– BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ဗီဒီယိုအစည်းအဝေးစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က လက်ရှိလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Content Provider များအနေဖြင့် အခွန်ငွေများ ပေးသွင်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်ကြသည့် FM ပုဂံ၊ ပတ္တမြား FM ၊ ရွှေ FM ၊ Forever Group Co.,Ltd၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Fortune Broadcasting Company Limited၊ KMA Tele Media Holdings Company Limited၊ My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စက်မှုပိုင်းဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲများကို တင်ပြကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများ အသင်းတို့မှ



တာဝန်ရှိသူများ အပါအဝင် အစည်းအဝေး တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံလွှင့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မတ် ၁၉**

ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း ၂၁-၃-၂၀၂၁ ရက်နေ့မှ ၂၄-၃-၂၀၂၁ ရက်နေ့အတွင်း ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်းနှင့် လျှပ်စီးလက်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

**― ― မောင်သောမန ― ―**

*(ယမန်နေ့မှ အဆက်)*

### ဥပဒေများ ဖျက်သိမ်း

တိုင်းပြည်အကျိုးစီးပွားကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများကို NLD အစိုးရ နိုင်ငံ့တာဝန်ယူစဉ်က မရိုးဖြောင့်သော သဘောထားဖြင့် ဖျက်သိမ်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် ဧည့်စာရင်းတိုင်ကြားခြင်းဆိုင်ရာဥပဒေတို့ကို ဖျက်သိမ်းခဲ့သည်။ အဆိုပါဥပဒေများသည် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သည်။ ထိုဥပဒေများသည် ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်ရေးအတွက် မြို့ရွာများလုံခြုံရေးစနစ်ကောင်းမွန်အောင် ပြဋ္ဌာန်းထားသော ဥပဒေများဖြစ်သည်။

ထိုဥပဒေသုံးခုစလုံးသည် လုံခြုံရေးအတွက် အရေးကြီးသော ဥပဒေများဖြစ်သည်။ ရှေးယခင်ခေတ်ကာလအဆက်ဆက်ကတည်းက ကျင့်သုံးလာခဲ့သော ဧည့်စာရင်းတိုင်ကြားသောစနစ်ကို NLD အစိုးရလက်ထက်တွင် ဖျက်သိမ်းပစ်နိုင်ခဲ့သည်ကို NLD လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ အဆိုပါဥပဒေများ ဖျက်သိမ်းရန် လွှတ်တော်သို့ တင်ပြချိန်က တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့အကျိုးရည်မျှော်၍ ကန့်ကွက်ခဲ့ကြသည်ကို မှတ်မိကြဦးမည် ထင်ပါသည်။ သို့သော်လည်း မဲခွဲဆုံးဖြတ်ပြီး အင်အားများသူတို့ အနိုင်ရခဲ့သည်။ ယခင်က ရပ်ရွာများတွင် ဧည့်စာရင်းမတိုင်ပါက ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်ခံရသဖြင့် မတရားဖိနှိပ်သော ဥပဒေဟု စွပ်စွဲကာ ဖျက်သိမ်းခဲ့ကြသည်။

### တိုင်းပြည်လုံခြုံရေးထိခိုက်

**အမှန်တွင် ဧည့်စာရင်းစနစ်ကို ကျင့်သုံးသောကြောင့် ရပ်ရွာများအတွင်း သူစိမ်းတစ်ရံဆန်မည်သူရောက်ရှိနေသည်ကို ချက်ချင်းသိရှိနိုင်ပြီး ဥပဒေဖောက်ဖျက်သူများ၊ ဒုစရိုက်သမားများ၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မည့်သူများကို အလွယ်တကူ ရှာဖွေတားဆီးနိုင်သည်။ ယခင်က နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ရှာဖွေဖမ်းဆီးနိုင်သဖြင့် ၎င်းတို့၏အကျိုးတစ်ခုတည်းကိုကြည့်ကာ ဖျက်သိမ်းခဲ့၍ မြို့ရွာများတွင် အကြမ်းဖက်သမားများ၊ ဒုစရိုက်သမားများ၊ တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသူများ အများအပြား ရောက်ရှိလာပြီး ရပ်ရွာလုံခြုံရေး၊ တိုင်းပြည်လုံခြုံရေးတို့ ထိခိုက်လာခဲ့သည်ကို ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။**

ထို့အပြင် ပထမအစိုးရလက်ထက် ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော "မျိုးစောင့်ဥပဒေ" ဟု အမည်တွင်သည့် 'တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ'၊ 'မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ' နှင့် 'လူဦးရေတိုးပွားမှု ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ' တို့ကို ဖျက်သိမ်းရန် ကြိုးစားခဲ့သော်လည်း လက်ရှိအချိန်အထိ တည်ဆဲဥပဒေများအဖြစ်သာ ရှိနေသေးသည်။ အမှန်တကယ်တွင် ပြည်ထောင်စုအဆင့်ဥပဒေပြုသူများအနေဖြင့် နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအမြင်များ ကျယ်ပြန့်စွာရှိဖို့လိုအပ်ပြီး အရေးကြီးသော ဥပဒေများကို ဖျက်သိမ်းလိုက်ခြင်းက တိုင်းပြည် မည်သည့်အခြေအနေရောက်နိုင်သည်ကို သက်သေပြလျက်ရှိသည်။

### အမျိုး ဘာသာ သာသနာ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားပြီး အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ နိုင်ငံ၏ လူ့ဘောင်အသိုက်အဝန်းများတွင် ဘာသာတရားကိုအခြေခံ၍ ရပ်တည်ရှင်သန်နေကြသည်။ NLD ပါတီနှင့် အစိုးရအနေဖြင့် ယင်းအချက်ကို မျက်ကွယ်ပြုခဲ့သည်။ အာဏာရပါတီနှင့် အစိုးရသည် ဘာသာခြား၊ လူမျိုးခြားတို့နှင့် ရည်ရွယ်ချက်ကြီးမားစွာ ပတ်သက်ခဲ့သည်။ ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းရန်အတွက် ကိုဖီအာနန် ကော်မရှင်အစီရင်ခံစာတွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကိုပြင်ဆင်၍ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားပေးရန် အစီအစဉ်လမ်းကြောင်းပေးလာခဲ့သည်။ သို့သော် မြန်မာနိုင်ငံအတွက် ထိလွယ်ရှလွယ် အန္တရာယ်များသော ထိုဥပဒေပြင်ဆင်ရေးကို ရှောင်ကွင်း၍ ဥပဒေဖျက်သိမ်းခြင်း၊ ပြဋ္ဌာန်းခြင်း၊ စာချုပ်လက်မှတ်ရေးထိုးခြင်းတို့ကို လုပ်ဆောင်လာခဲ့သည်။

နိုင်ငံတော်၏ ဘဏ္ဍာငွေဖြစ်သည့် နိုင်ငံတော်သမ္မတ အရေးပေါ်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၆၄၂၆ သန်း ထုတ်ယူသုံးပြီး ဆိုရှယ်လူမှုကွန်ရက်ပေါ်မှ ပြည်သူလူထု၏ လွတ်လပ်စွာ ဝေဖန်ရေးသားပြောဆိုမှုများကို ထိန်းချုပ်ခဲ့ပါသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်မှု၊ လွတ်လပ်စွာပြောဆိုမှု၊ ဟောပြောမှု၊ စီတန်းလှည့်လည်မှုများကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တား တားဆီးခဲ့သလို ဥပဒေကြောင်းအရလည်း ရှာဖွေဖမ်းဆီးအရေးယူခဲ့သည်ကိုလည်း တွေ့ရသည်။ ပြည်သူ့အစိုးရဟူသော လက်ထက်တွင် ယခင်ပထမ ဒီမိုကရေစီအစိုးရလက်ထက်သာလွန်၍ အရေးယူတားဆီးမှုများပြုလုပ်ခဲ့သည်။ ပြည်သူ့အစိုးရ လက်ထက်တွင် မီဒီယာသမားများအား ဖမ်းဆီးအရေးယူမှု ယခင်အစိုးရကာလထက် ပိုမိုများပြားခဲ့ကြောင်း လေ့လာသူတို့က တင်ပြကြသည်။

### ဗုဒ္ဓဘာသာအသင်းအဖွဲ့ဖျက်သိမ်း

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအစဉ်အလာအရ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးကို ဆောင်ရွက်ကြသည့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ အမျိုးသား နိုင်ငံရေးအင်အားစုများကို အမျိုးမျိုးဖိအားပေး ဖယ်ရှားအရေးယူနိုင်အောင် ဆောင်ရွက်ခဲ့သည်။ အမျိုးဘာသာ သာသနာအရေးကို ဆောင်ရွက်သော YMBA အသင်းကိုပင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာရဟန်းတော်များက ဦးဆောင်ဖွဲ့စည်းထားသော အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)ကို ဓမ္မစက်ဖြင့် ဖျက်သိမ်းပစ်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ မြို့နယ်အလိုက် ထူထောင်ထားသော (မဘသ)ဆိုင်းဘုတ်များကို ဖြုတ်သိမ်းရန် ပြုလုပ်ခဲ့သည်။

အဆိုပါ အသင်းအဖွဲ့အရေးကိစ္စကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမည်ဖြစ်သော်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (မဟန) ကို ဖြေရှင်းခိုင်းခဲ့သည်။ အမှန်တကယ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အရ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်၊ ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု ဥပဒေတွင်ပါရှိသည့် လွတ်လပ်စွာဖွဲ့စည်းခွင့်၊ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ စသည်တို့ကို ဦးစွာဖျက်ပြီးမှသာလျှင် နိုင်ငံတော်အစိုးရအနေဖြင့် (မဘသ) ကို ဖျက်သိမ်းခြင်း၊ ဆိုင်းဘုတ်ဖြုတ်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

"အမှန်တွင် ဧည့်စာရင်းစနစ်ကို ကျင့်သုံးသောကြောင့် ရပ်ရွာများအတွင်း သူစိမ်းတစ်ရံဆန်မည်သူရောက်ရှိနေသည်ကို ချက်ချင်းသိရှိနိုင်ပြီး ဥပဒေဖောက်ဖျက်သူများ၊ ဒုစရိုက်သမားများ၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မည့်သူများကို အလွယ်တကူ ရှာဖွေတားဆီးနိုင်သည်။ ယခင်က နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ရှာဖွေဖမ်းဆီးနိုင်သဖြင့် ၎င်းတို့၏အကျိုးတစ်ခုတည်းကိုကြည့်ကာ ဖျက်သိမ်းခဲ့၍ မြို့ရွာများတွင် အကြမ်းဖက်သမားများ၊ ဒုစရိုက်သမားများ၊ တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသူများ အများအပြား ရောက်ရှိလာပြီး ရပ်ရွာလုံခြုံရေး၊ တိုင်းပြည်လုံခြုံရေးတို့ ထိခိုက်လာခဲ့သည်ကို ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်"

### ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်

နိုင်ငံတော်ကို တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအစည်းအဝေး လေးကြိမ်ကျင်းပနိုင်ခဲ့ပြီး အခြေခံမူ အချို့ကို ချမှတ်နိုင်ခဲ့သည်။ သို့သော် ငြိမ်းချမ်းရေး ခရီးလမ်းမှာ အလှမ်းဝေးနေဆဲ ဖြစ်သည်။ တပ်မတော်ကို အလေးမထားဘဲ အတေးအမှတ်ထားသော အစိုးရအဖွဲ့အနေဖြင့် မည်သည့်နည်းဖြင့် ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်နိုင်ပါမည်နည်း။ ငြိမ်းချမ်းရေးကို တပ်မတော်၊ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးစားပွဲဝိုင်းတွင် ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် ဆုံစည်းနိုင်ပါမှ ငြိမ်းချမ်းရေးခရီး နီးမည်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးကို ကြွေးကြော်ကာ အစိုးရတာဝန်ယူခဲ့သောအဖွဲ့သည် လက်ရှိတွင် နိုင်ငံတော်၏လိုအပ်ချက်အရ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်နေသော တပ်မတော်ကို ဘေးဖယ်ကာ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ်ထင်ရာကိုယ်လုပ်ခဲ့သည်။ နောက်ဆက်တွဲအကျိုးဆက်ကြောင့် နိုင်ငံတော်နှင့် ပြည်သူ ထိခိုက်နစ်နာရသည့် အဖြစ်မျိုးရောက်နေသည်ကို လက်တွေ့မြင်တွေ့နိုင်ပေသည်။ ငါးနှစ်တာကာလအတွင်း အမျိုးသားရေး စရိုက်လက္ခဏာများ ဖျက်ဆီးခြင်းခံခဲ့ရသည်။ အမျိုး ဘာသာ သာသနာကို မှေးမှိန်အောင် လုပ်ဆောင်ခဲ့သည်။ ရှေးအစဉ်အဆက် အမွန်အမြတ်ထားခဲ့သော ဗုဒ္ဓသာသနာတော် တန်းညှိခြင်းခံခဲ့ရသည်။

### ကိုယ်တိုင်မဲဆွယ်စည်းရုံး

အတိုက်အခံပါတီဘဝက ယခင်အာဏာရပါတီ ပထမအစိုးရကို ရိုပ်ဖမ်းသံဖမ်းပင် မဲဆွယ်စည်းရုံးခွင့်မရအောင် ဝေဖန်ထောက်ပြခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲ နီးသောကာလတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သမ္မတစစ်ဆေးသည့်သတင်းကို အစိမ်းရောင်သစ်ပင်များ အသားပေးပြီး မဲဆွယ်စည်းရုံးပါသည်ဟု ပြစ်တင်ပြောဆိုခဲ့သည်။ ကိုယ်တိုင်အစိုးရဖြစ်လာသောအခါ မီဒီယာများ၊ လူမှုကွန်ရက်များကိုအသုံးချကာ အခြားပါတီများ မဲဆွယ်စည်းရုံးအခွင့်အရေးများကို လျစ်လျူရှုပြီး ခေါင်းဆောင်များ ကိုယ်တိုင် မဲဆွယ်စည်းရုံးခဲ့သည်။

ပထမအာဏာရပါတီအစိုးရ မဲဆွယ်စည်းရုံးခြင်း မပြုနိုင်အောင် ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည့် အတိုက်အခံပါတီသည် အစိုးရအာဏာရလာသောအခါ ကိုယ်တိုင်မဲဆွယ်စည်းရုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြောင်ကျကျချိုးဖောက်ခဲ့သည့်အပြင် ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုသည့်အချက်ကို လျစ်လျူရှုခဲ့ပြီး ပါဝင်ပတ်သက်စေခဲ့သည်။ ပါတီနိုင်ငံရေးမှ လူထုတော်လှန်ရေးအဖြစ် အသွင်ပြောင်းပေးခဲ့ခြင်းမှာ အဆိုးရွားဆုံးဖြစ်သည်။

ပြည်သူလူထုအားသည်သာ အဓိကပါ၊ ပြည်သူလူထုကို အားကိုးပါသည် စသည်ဖြင့် အစိုးရကိုယ်တိုင် ဦးဆောင်စွမ်းဆောင်ခြင်းမရှိဘဲ မကြာခဏ ပြည်သူကိုသာ တိုင်တည်နေရသည့် အစွမ်းအစကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ ပြည်သူ့အကျိုးကို လက်တွေ့လုပ်ဆောင် မပြသနိုင်ဘဲ နှုတ်ပြောစကားဖြင့် စည်းရုံးနိုင်ခဲ့ခြင်းသည် ကိုယ်ကျိုးစီးပွား၊ ပါတီအကျိုးစီးပွားအတွက် ထိရောက်မှုရှိစေခဲ့သည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအား တပ်မတော်အပေါ် အထင်အမြင်လွဲမှားအောင်ဖန်တီးပြီး လမ်းမှားပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

ပြည်သူချစ်သော နိုင်ငံ့ခေါင်းဆောင်တစ်ဦးသည် လမ်းမှားနေသော ပြည်သူများအား လမ်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ပေးရမည်ဖြစ်သော်လည်း ၁၉၈၈ ခုနှစ်မှ ယနေ့ကာလထိတိုင် မေတ္တာရပ်ခံခြင်း၊ ဖျောင်းဖျခြင်း၊ သွန်သင်ခြင်း၊ တည့်မတ်ပေးခြင်းမရှိသည်မှာ ပင်ကိုစရိုက်လက္ခဏာအဖြစ် ဆန်းစစ်ကြည့်နိုင်ပါသည်။

### တိုင်းတစ်ပါးလူမျိုးခြားလေးစား

အထူးသဖြင့် အမျိုး ဘာသာ သာသနာ၊ ယဉ်ကျေးမှု စရိုက်လက္ခဏာကြီးမားသော မြန်မာတို့၏ လူမှုဘဝ ဓလေ့ထုံးတမ်းစဉ်လာများကို ပျက်စီးစေအောင် ကြိုးပမ်းခဲ့သည်မှာ ဝမ်းနည်းစရာဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး တာဝန်ခံညွှန်ကြားရေးမှူးများ ဒုတိယအကြိမ်တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရှိ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

**ပြည်သူ့အကျိုးစီးပွားရရှိရန်**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က စာရင်းစစ်လုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ပြီး ပြည်သူ့ အကျိုးစီးပွားရရှိနိုင်ရန် အဓိကထားပါကြောင်း၊ ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု စစ်ဆေးခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများကို လိုက်နာမှုရှိ/ မရှိ၊ ကိုက်ညီမှု စစ်ဆေးခြင်းတို့ကို ယခုအခါ နိုင်ငံတကာ စာရင်းစစ်စံများ ဖြစ်သည့် International Standards of Supreme Audit Institution (ISSAI) နှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းကဲ့သို့ စစ်ဆေးခြင်းများကို စစ်ဆေးခံဌာနအဖွဲ့အစည်းများ သိရှိရန် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ လက်ရှိ ဆောင်ရွက်နေသည့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် Work Plan များ ရေးဆွဲချမှတ်၍ စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရုံးတွင်းလူ့စွမ်းအား ဖွံ့ဖြိုးမှုအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကိုလည်း စတင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသည့် ဝန်ထမ်းနေရာများကို ဖြည့်ဆည်းပေးရန်အတွက် အမြန်ဆုံး ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကျစ်လျစ်ထိရောက်မှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရသုံးမှန်းခြေငွေစာရင်း**

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေစာရင်းများ စစ်ဆေးရေးလုပ်ငန်း၊ စီမံရေးရာလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ ရသုံးမှန်းခြေငွေစာရင်း အခြေအနေများ၊ အထွေထွေကိစ္စရပ်များကို တင်ပြရာတွင် အထူးကိစ္စအနေဖြင့် CDM ပြုလုပ်နေသည့် ဝန်ထမ်းများ ရုံးပြန်လည်တက်ရောက်လာမှု အခြေအနေကို တင်ပြကြရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




*စာမျက်နှာ ၆ မှ*

နိုင်ငံခြားသား တိုင်းတစ်ပါးသားကို အားကိုးခြင်း၊ ဦးစားပေးခြင်း၊ အမျိုးဘာသာကို ပစ်ပယ်ခြင်း၊ တိုင်းပြည်အတွက် အဓိကအားထားရမည့် တပ်မတော်ကို ပစ်ပယ်ခြင်း၊ ချိုးနှိမ်လိုခြင်း၊ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်၍ တိုင်းပြည်လုံခြုံရေးဆိုင်ရာဥပဒေများကို ဖျက်ဆီးခြင်းတို့သည် တစ်ချိန်သောအနာဂတ်တွင် မြန်မာနိုင်ငံအဖြစ်မှ မြန်မာနစ္စတန်အဖြစ်သို့ သက်ဆင်းသွားမည့်အန္တရာယ်ကိုပါ သတိပြုရမည်ဖြစ်သည်။ ပြည်သူများကို ဦးထိပ်ထား၍ ပြည်သူကို စည်းရုံးကာ မိမိတို့ပါတီ အင်အားကြီးထွားလာအောင် တည်ဆောက်နေခြင်းသည် ဒီမိုကရေစီမျက်နှာဖုံးစွပ်၍ တစ်ပါတီအာဏာရှင်စနစ်ကို ဖော်ဆောင်နေခြင်းသာဖြစ်သည်။

NLD အစိုးရအနေဖြင့် ပြဿနာတစ်ရပ်ကို ပြေလည်အောင် ဖြေရှင်းနိုင်ပါလျက်နှင့် တပ်မတော်အပေါ် ထားရှိသည့်စိတ်ရင်းကို မအောင့်နိုင်၊ မချုပ်တည်းနိုင်ဘဲ ထိပ်တိုက်ရင်ဆိုင်ပြလိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ အကျိုးစီးပွားကို မထောက်ရှုဘဲ ဝန်းရံသူပြည်သူများ၊ မသိနားမလည်သော ပြည်သူများ၊ ဖျက်လိုဖျက်ဆီးလုပ်တတ်သော ပြည်သူများအားဖြင့် နိုင်ငံပုံရိပ်ကို ကျဆင်းအောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

NLD ပါတီ၏ အဓိကရည်ရွယ်ချက်မှာ မိမိပါတီမှအပ အခြားပါတီများအားလုံး လုံးဝ ပျောက်ကွယ်ရေး၊ လွှတ်တော်ထဲမှ တပ်မတော်သားကိုယ်စားလှယ်အားလုံးဖယ်ရှားရေး၊ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေး၊ တပ်မတော်ကို မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍမှ ဖယ်ထုတ်ရေး၊ အမျိုးဘာသာသာသနာကို အခြားနှင့် ရောထွေးတန်းညှိရေးပင်ဖြစ်သည်ဟု သုံးသပ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ဒီမိုကရေစီပန်းတိုင်သို့ရောက်ရှိရေး၊ တိုင်းပြည်နှင့် လူထုကောင်းစားရေးအတွက် အသွင်ကူးပြောင်းမှုကို ရိုးသားဖြောင့်မတ်သောစေတနာဖြင့် ပါဝင်ဆောင်ရွက်နေခြင်းလော၊ မိမိပါတီအာဏာရရှိရေး၊ မိမိပါတီ အားကောင်းခိုင်မာလာရေးအတွက် အသွင်ကူးပြောင်းမှုတွင် ပါဝင်ဆောင်ရွက်နေခြင်းလောဟူသည့် မေးခွန်းတို့ကို သေချာစွာ အဖြေရှာကာ အသွင်ကူးပြောင်းမှုနှင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော အခြေအနေအမှန်/ အမှားကို ခွဲခြားရှုမြင်နိုင်ကြပါစေကြောင်း။ ။

● *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ထိုးဖောက်တိုက်စစ်ဆင်မှုများကို မြင်တွေ့ခဲ့ရသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် မန်ယူအသင်းသည် ကစားကွက် အပြောင်းအလဲပြုလုပ်ကာ ရက်ဖို့ဒ်၏နေရာကို ပေါ့ဂ်ဘာဖြင့် အစားထိုးခဲ့သည်။ ပေါ့ဂ်ဘာ ဝင်လာပြီး မကြာမီ မန်ယူအသင်း အဖွင့်ဂိုး ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ပေါ့ဂ်ဘာကိုယ်တိုင် သွင်းယူပေးခဲ့သည်။ အဖွင့်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း အေစီလန်အသင်းကလည်းချေပဂိုးရရှိရန် အလို့ငှာ လူစားလဲမှုများ ပြုလုပ်လာခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို ပွဲချိန်ပြီးဆုံးသည်အထိ မြင်တွေ့ခဲ့ရခြင်းမရှိသောကြောင့် တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ မန်ယူအသင်းနှင့်အတူ အိုင်းယက်စ်၊ အာဆင်နယ်၊ ဂရန်နာဒါ၊ ဒိုင်နမို ဇာဂရက်၊ ရိုးမား၊ စလာဗီယာပရော့ဂ်၊ ဗီလာရီးရဲအသင်းတို့ တက်ရောက်နိုင်ခဲ့သည်။ **အောင်ဇော်**

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၉**

နေ့အပူချိန်များမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။ **မိုး/ဇလ**

❖*ကျောဖုံးမှ*

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၆၂၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၄၂၉၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၄၅၄၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၈၉၇၄၈၊ မြေပြင်လက်ကျန် ၁၇၃၃၇၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၁၉၃၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၅၅၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိ ရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပန်းဘဲတန်းမြို့နယ် | ၂၆ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၂ | စမ်းချောင်းမြို့နယ် | ၅၂ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၃ | ခရမ်းမြို့နယ် | ၂၀၄ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၄ | ကော့မှူးမြို့နယ် | ၁၆၁ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၅ | ဒလမြို့နယ် | ၁၈၂ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| | စုစုပေါင်း | ၆၂၅ | ၅၂၄၂၉၃ | ၃၃၄၅၄၅ | ၁၈၉၇၄၈ | ၁၇၃၃၇၄ | ၂၁၉၃၀ | ၅၅၅၆ |

## ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ မဲရုံပေါင်း ၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၅၄၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၅၉၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၉၅၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၇၈၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၆၀၅၃ | ၁၅၂၉၄ | ၁၀၇၅၉ | ၁၀၅၈၂ | ၂၆၃ | ၈၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၉၆ | ၂၉၆ | ၁၂၀၀ | ၁၂၀၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | | | | | | |
| | စုစုပေါင်း | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |

၆။ ပန်းဘဲတန်းမြို့နယ်၊ ရပ်ကွက် ၁၁ ရပ်ကွက်ရှိ မဲရုံ ၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၆၃ ပျောက်ဆုံးနေပြီး ၈၆ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၂၅၀၃ | ၁၂၄၇ | ၁၂၅၆ | ၁၂၆၁ | | ၅ |
| ၂ | အမှတ်(၂) ရပ်ကွက် | ၂ | ၂၀၁၀ | ၉၆၁ | ၁၀၄၉ | ၁၀၅၂ | | ၃ |
| ၃ | အမှတ်(၃) ရပ်ကွက် | ၃ | ၃၁၀၆ | ၁၇၈၂ | ၁၃၂၄ | ၁၃၂၆ | | ၂ |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂ | ၂၆၀၀ | ၁၅၆၂ | ၁၀၃၈ | ၁၀၅၁ | | ၁၃ |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၄၀၁ | ၁၃၂၀ | ၁၀၈၁ | ၁၁၀၁ | | ၂၀ |
| ၆ | အမှတ်(၆) ရပ်ကွက် | ၃ | ၂၃၇၁ | ၁၄၂၇ | ၉၄၄ | ၆၉၉ | ၂၄၅ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၃ | ၃၀၅၄ | ၁၉၉၈ | ၁၀၅၆ | ၁၀၄၈ | ၈ | |
| ၈ | အမှတ်(၈) ရပ်ကွက် | ၃ | ၃၁၀၃ | ၁၈၄၃ | ၁၂၆၀ | ၁၂၅၀ | ၁၀ | |
| ၉ | အမှတ်(၉) ရပ်ကွက် | ၂ | ၁၃၀၀ | ၉၁၂ | ၃၈၈ | ၄၀၄ | | ၁၆ |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၂ | ၂၀၀၀ | ၁၁၉၀ | ၈၁၀ | ၈၂၀ | | ၁၀ |
| ၁၁ | အမှတ်(၁၁) ရပ်ကွက် | ၂ | ၁၆၀၅ | ၁၀၅၂ | ၅၅၃ | ၅၇၀ | | ၁၇ |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၆ | ၂၆၀၅၃ | ၁၅၂၉၄ | ၁၀၇၅၉ | ၁၀၅၈၂ | ၂၆၃ | ၈၆ |
| | မြို့နယ်မဲလက်ကျန် | | ၁၄၉၆ | ၂၉၆ | ၁၂၀၀ | ၁၂၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |

## စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၅၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၈၆၅၆၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၈၆၆၂ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၃၇၉၀၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၅၄၄ ရွက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၈၂၆၄၁ | ၄၆၉၉၀ | ၃၅၆၅၁ | ၂၈၂၉၄ | ၉၅၁၇ | ၂၁၆၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၂၂ | ၁၆၇၂ | ၂၂၅၀ | ၂၂၅၀ | | |
| | စုစုပေါင်း | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ စမ်းချောင်းမြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၅၂ ရုံတွင် မဲလက်မှတ်အရေအတွက် ၉၅၁၇ ပျောက်ဆုံးနေပြီး ၂၁၆၀ ပိုနေသည်ကို စိစစ်တွေ့ရှိရ ပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၆၇၂ အသုံးပြုထားပြီး ၂၂၅၀ အား မြို့နယ် လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဝေဠုဝန်(မြောက်)ရပ်ကွက် | ၃ | ၃၈၈၀ | ၂၀၃၆ | ၁၈၄၄ | ၁၁၁၆ | ၇၂၈ | |
| ၂ | ဝေဠုဝန်(တောင်)ရပ်ကွက် | ၂ | ၂၄၁၀ | ၁၇၂၅ | ၆၈၅ | ၇၂၆ | ၂၈၈ | ၃၂၉ |
| ၃ | မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက် | ၃ | ၃၃၉၀ | ၂၃၀၂ | ၁၀၈၈ | ၁၀၄၆ | ၄၂ | |
| ၄ | မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက် | ၄ | ၉၅၆၀ | ၄၂၈၁ | ၅၂၇၉ | ၂၈၂၁ | ၂၄၆၈ | ၁၀ |
| ၅ | သံတံတားရပ်ကွက် | ၂ | ၃၄၇၆ | ၂၂၁၅ | ၁၂၆၁ | ၁၅၂၇ | | ၂၆၆ |
| ၆ | လင်းလွန်း(မြောက်)ရပ်ကွက် | ၄ | ၅၉၆၀ | ၃၆၆၇ | ၂၂၉၃ | ၁၉၆၆ | ၄၅၃ | ၁၂၆ |
| ၇ | လင်းလွန်း(တောင်)ရပ်ကွက် | ၄ | ၅၂၉၅ | ၃၃၅၂ | ၁၉၄၃ | ၂၀၄၉ | ၁၆ | ၁၂၂ |
| ၈ | ကျွန်းတော(မြောက်)ရပ်ကွက် | ၂ | ၂၉၀၀ | ၁၇၄၆ | ၁၁၅၄ | ၁၁၀၀ | ၅၇ | ၃ |
| ၉ | ကျွန်းတော(အလယ်)ရပ်ကွက် | ၂ | ၃၇၈၀ | ၂၃၆၄ | ၁၄၁၆ | ၅၈၆ | ၈၃၀ | |
| ၁၀ | ကျွန်းတော(တောင်)ရပ်ကွက် | ၄ | ၆၀၅၅ | ၃၈၄၇ | ၂၂၀၈ | ၂၃၅၀ | ၆၈၅ | ၈၂၇ |
| ၁၁ | စမ်းချောင်း(မြောက်)ရပ်ကွက် | ၄ | ၆၂၉၅ | ၂၆၁၇ | ၃၆၇၈ | ၂၅၁၁ | ၁၂၈၈ | ၁၂၁ |
| ၁၂ | စမ်းချောင်း(တောင်)ရပ်ကွက် | ၃ | ၅၇၀၀ | ၃၄၈၉ | ၂၂၁၁ | ၂၁၁၁ | ၁၀၈ | ၈ |
| ၁၃ | ရှင်စောပုရပ်ကွက် | ၂ | ၂၆၅၀ | ၁၄၄၆ | ၁၂၀၄ | ၁၁၅၄ | ၁၅၀ | ၁၀၀ |
| ၁၄ | သီရိခေမာရပ်ကွက် | ၂ | ၃၁၆၀ | ၁၇၆၆ | ၁၃၉၄ | ၁၀၃၉ | ၃၅၅ | |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁၅ | အောင်ချမ်းသာ ရပ်ကွက် | ၁ | ၁၉၈၀ | ၁၂၄၅ | ၇၃၅ | ၇၀၈ | ၂၇ | |
| ၁၆ | ဟုမ်းလမ်း ဘူတာရပ်ကွက် | ၂ | ၂၇၇၅ | ၂၀၆၉ | ၇၀၆ | ၆၈၅ | ၂၅ | ၄ |
| ၁၇ | မြေနီကုန်း(မြောက်) ရပ်ကွက် | ၄ | ၆၆၄၅ | ၃၁၈၀ | ၃၄၆၅ | ၂၉၀၅ | ၈၀၄ | ၂၄၄ |
| ၁၈ | မြေနီကုန်း (တောင်)ရပ်ကွက် | ၄ | ၆၇၃၀ | ၃၆၄၃ | ၃၀၈၇ | ၁၈၉၄ | ၁၁၉၃ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၅၂ | ၈၂၆၄၁ | ၄၆၉၉၀ | ၃၅၆၅၁ | ၂၈၂၉၄ | ၉၅၁၇ | ၂၁၆၀ |
| | မြို့နယ်လက်ကျန်မဲ | | ၃၉၂၂ | ၁၆၇၂ | ၂၂၅၀ | ၂၂၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |

## ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄၉၂၆၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၀၄၉၉ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၄၈၇၆၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၅၄၃၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများ အလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၄၀၁၆ | ၉၉၉၈၅ | ၃၄၀၃၁ | ၃၁၂၅၀ | ၅၂၅၈ | ၂၄၇၇ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၁၅၂၅၀ | ၅၁၄ | ၁၄၇၃၆ | ၁၄၁၈၇ | ၅၄၉ | |
| | စုစုပေါင်း | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ခရမ်းမြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၂၀၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၂၅၈ ပျောက်ဆုံးနေပြီး ၂၄၇၇ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၅၁၄ ရွက်ကို အသုံးပြုထားပြီး မြေပြင်လက်ကျန် ၁၄၇၃၀ ကျန်ရှိရမည်ဖြစ်သော်လည်း မြို့နယ်လက်ကျန်အဖြစ် ၁၄၁၈၇ ကိုသာ ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရသဖြင့် ၅၄၉ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | (၁) ရပ်ကွက် | ၃ | ၂၀၅၀ | ၁၅၈၈ | ၄၆၂ | ၄၆၂ | ၅၀ | ၅၀ |
| ၂ | (၂) ရပ်ကွက် | ၂ | ၁၈၀၀ | ၁၄၂၄ | ၃၇၆ | ၃၆၇ | ၅၀ | ၄၁ |
| ၃ | (၃) ရပ်ကွက် | ၆ | ၄၄၅၀ | ၃၅၁၆ | ၉၃၄ | ၇၃၄ | ၂၀၀ | |
| ၄ | (၄) ရပ်ကွက် | ၁ | ၆၅၀ | ၅၂၉ | ၁၂၁ | ၁၂၁ | | |
| ၅ | (၅) ရပ်ကွက် | ၂ | ၁၇၀၀ | ၁၃၄၄ | ၃၅၆ | ၄၄၁ | | ၈၅ |
| ၆ | (၆) ရပ်ကွက် | ၃ | ၁၅၅၀ | ၉၆၁ | ၅၈၉ | ၂၈၉ | ၃၅၀ | ၅၀ |
| ၇ | (၇) ရပ်ကွက် | ၄ | ၃၄၅၀ | ၂၇၄၆ | ၇၀၄ | ၁၁၁၄ | | ၄၁၀ |
| ၈ | (၈) ရပ်ကွက် | ၂ | ၁၆၅၀ | ၁၁၆၉ | ၄၈၁ | ၃၈၁ | ၁၀၀ | |
| ၉ | (၉) ရပ်ကွက် | ၃ | ၂၅၅၀ | ၂၀၆၈ | ၄၈၂ | ၅၀၅ | | ၂၃ |
| ၁၀ | (၁၀) ရပ်ကွက် | ၃ | ၁၇၀၀ | ၁၃၉၇ | ၃၀၃ | ၃၉၁ | ၁၀ | ၉၈ |
| ၁၁ | (၁၁) ရပ်ကွက် | ၄ | ၂၇၀၀ | ၂၁၉၉ | ၅၀၁ | ၅၀၁ | ၁၀၀ | ၁၀၀ |
| ၁၂ | (၁၂) ရပ်ကွက် | ၄ | ၃၆၀၀ | ၂၈၂၃ | ၇၇၇ | ၇၃၁ | ၄၆ | |
| ၁၃ | ကွမ်းမိုးဒိန်း ရပ်ကွက် | ၂ | ၁၃၅၀ | ၁၁၁၁ | ၂၃၉ | ၂၃၉ | ၅၀ | ၅၀ |
| ၁၄ | ပေါက်ပင် ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၂၀၆၃ | ၅၃၇ | ၄၈၇ | ၅၀ | |
| ၁၅ | ကမာမတ် ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၈၇၅ | ၅၇၅ | ၄၂၅ | ၁၅၀ | |
| ၁၆ | မက္ကသန် ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၈၀၀ | ၂၀၀ | ၂၀၃ | | ၃ |
| ၁၇ | ကျုံးကျုံးကျ ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၆၂၁ | ၄၂၉ | ၃၈၅ | ၄၄ | |
| ၁၈ | အုပ်ဖိုကျေးရွာ အုပ်စု | ၃ | ၂၀၀၀ | ၁၆၉၂ | ၃၀၈ | ၃၆၂ | | ၅၄ |
| ၁၉ | မောင်းမ ကျေးရွာအုပ်စု | ၅ | ၃၀၀၀ | ၂၃၁၂ | ၆၈၈ | ၆၉၈ | ၁၅၀ | ၁၆၀ |
| ၂၀ | ကြံတော ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၁၅၀ | ၄၅၀ | ၄၅၀ | | |
| ၂၁ | ကမာချိုက် ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၆၇၈ | ၆၇၂ | ၆၂၂ | ၁၀၀ | ၅၀ |
| ၂၂ | အလယ်ရွာ ကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၅၆၀ | ၂၉၀ | ၂၉၀ | | |
| ၂၃ | အေးရွာ ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၉၄၉ | ၆၀၁ | ၄၅၅ | ၁၄၆ | |
| ၂၄ | စွယ်ကတော့ ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၈၂ | ၄၁၈ | ၄၁၈ | | |
| ၂၅ | ပိန်းကန် ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၁၆၃ | ၆၃၇ | ၅၉၀ | ၄၇ | |
| ၂၆ | လှသီလူး ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၉၃ | ၆၀၇ | ၂၅၇ | ၃၅၀ | |
| ၂၇ | မကျီးကန် ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၇၇ | ၃၂၃ | ၃၂၃ | | |
| ၂၈ | ရိုးကြီး ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၁၈ | ၄၃၂ | ၂၈၂ | ၁၅၀ | |
| ၂၉ | ကျုံတူး ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၃၃ | ၄၆၇ | ၃၆၇ | ၁၀၀ | |
| ၃၀ | တမံကြီး ကျေးရွာအုပ်စု | ၅ | ၃၇၀၀ | ၂၈၁၃ | ၈၈၇ | ၉၈၅ | ၂ | ၁၀၀ |
| ၃၁ | ကမာကလုတ် ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၂၄၀ | ၇၁၀ | ၆၀၆ | ၁၀၄ | |
| ၃၂ | ကရင်ကန် ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၅၇ | ၄၉၃ | ၄၄၃ | ၅၀ | |
| ၃၃ | ကန်ညီနောင် ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၆၇ | ၁၈၃ | ၁၈၃ | | |
| ၃၄ | ကွဲတလင်း ကျေးရွာအုပ်စု | ၅ | ၃၅၆၆ | ၂၆၃၂ | ၉၃၄ | ၈၃၄ | ၁၁၆ | ၁၆ |
| ၃၅ | သက္ကယ်ကုန်း ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၇၄ | ၅၂၆ | ၆၂၆ | | ၁၀၀ |
| ၃၆ | ခမတ် ကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၈၀၄ | ၅၉၆ | ၅၉၇ | | ၁ |
| ၃၇ | ကံဘဲ ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၇၅ | ၄၇၅ | ၂၇၅ | ၂၀၀ | |
| ၃၈ | ညောင်ပင်ကွင်း ကျေးရွာအုပ်စု | ၇ | ၄၄၀၀ | ၃၄၅၆ | ၉၄၄ | ၈၉၄ | ၁၀၀ | ၅၀ |
| ၃၉ | ပုဂံတောင် ကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၂၂၅၆ | ၉၄၄ | ၆၉၄ | ၂၅၀ | |
| ၄၀ | ပန်းတောချောင် ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၆၄ | ၃၈၆ | ၃၈၆ | ၅၀ | ၅၀ |
| ၄၁ | ဒေးပေါက် ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၆၃၀ | ၇၂၀ | ၄၉၅ | ၂၅၀ | ၂၅ |
| ၄၂ | ကရင်စု ကျေးရွာအုပ်စု | ၅ | ၂၂၅၀ | ၁၇၁၄ | ၅၃၆ | ၅၈၆ | | ၅၀ |
| ၄၃ | ဘုရားပျို ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၈၆၉ | ၇၃၁ | ၆၇၄ | ၅၇ | |
| ၄၄ | ကွင်းလျားရှည် ကျေးရွာ အုပ်စု | ၃ | ၁၇၅၀ | ၁၂၂၇ | ၅၂၃ | ၄၂၃ | ၁၅၀ | ၅၀ |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄၅ | ထရကန် ကျေးရွာအုပ်စု | ၅ | ၂၄၀၀ | ၁၃၉၄ | ၁၀၀၆ | ၇၄၃ | ၄၀၀ | ၁၃၇ |
| ၄၆ | သပြုကန် ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၉၈ | ၂၅၂ | ၂၈၅ | | ၃၃ |
| ၄၇ | ပလူကန် ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၈၁၂ | ၆၃၈ | ၆၃၇ | ၅၁ | ၅၀ |
| ၄၈ | တကောကန် ကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၃၈၈ | ၈၆၂ | ၆၇၃ | ၂၃၉ | ၅၀ |
| ၄၉ | ကျီနီချောင် ကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၂၅၈ | ၆၄၂ | ၄၃၂ | ၂၆၀ | ၅၀ |
| ၅၀ | ပျဉ်းမကုန်း ကျေးရွာအုပ်စု | ၅ | ၂၂၅၀ | ၁၅၈၂ | ၆၆၈ | ၆၆၈ | | |
| ၅၁ | ကြာကန် ကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၄၇၉ | ၅၇၁ | ၅၂၁ | ၅၀ | |
| ၅၂ | ပလူကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၃၆၀ | ၈၄၀ | ၆၁၁ | ၂၂၉ | |
| ၅၃ | အောင်ချမ်းသာ ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၄၅ | ၄၅၅ | ၄၅၃ | ၂ | |
| ၅၄ | ဘိုကလေး ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၇၁ | ၃၇၉ | ၃၇၉ | | |
| ၅၅ | ဆင်ကျွန်း ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၄၂ | ၂၀၈ | ၁၀၈ | ၁၀၀ | |
| ၅၆ | ကံကောင်း ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၄၉ | ၁၀၁ | ၁၀၁ | | |
| ၅၇ | ရေကျော် ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၂၃ | ၅၂၇ | ၅၂၇ | | |
| ၅၈ | အုန်းပင် ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၄ | ၃၂၆ | ၂၆၈ | ၁၀၉ | ၅၁ |
| ၅၉ | ညောင်လန်း ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၂ | ၁၆၈ | ၁၆၈ | | |
| ၆၀ | ဆင်မင်းအိုင် ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၁၀ | ၂၉၀ | ၂၉၀ | | |
| ၆၁ | ကင်မွန်းခြံ ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၄၀၇ | ၉၄၃ | ၉၃၇ | ၆ | |
| ၆၂ | ဇီးဖြူပင် ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၆၁ | ၅၃၉ | ၅၈၉ | | ၅၀ |
| ၆၃ | ကျုံကန် ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၁၁၂၁ | -၂၂၁ | ၂၁၉ | | ၄၄၀ |
| ၆၄ | ညောင်ပင်သာ ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၇၄ | ၃၇၆ | ၂၈၆ | ၉၀ | |
| ၆၅ | စခန်းကြီး ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၀၆ | ၃၄၄ | ၂၉၄ | ၅၀ | |
| ၆၆ | ကံသာကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၈၀ | ၅၇၀ | ၄၇၀ | ၁၀၀ | |
| | ရပ်/ ကျေးချုပ်စုစုပေါင်း | ၂၀၄ | ၁၁၄၀၁၆ | ၉၉၉၈၅ | ၃၄၀၃၁ | ၁၁၂၅၀ | ၅၂၅၈ | ၂၄၇၇ |
| | မြို့နယ်လက်ကျန်မဲ | | ၁၅၂၅၀ | ၅၁၄ | ၁၄၇၃၆ | ၁၄၁၈၇ | ၅၄၉ | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |

## ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၆၂ အုပ်စု၊ မဲရုံပေါင်း ၁၆၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၁၄၈၂၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၂၆၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၆၅၅၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၂၅၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၀၈၀၇၅ | ၇၇၇၂၂ | ၃၀၃၅၃ | ၂၉၁၃၃ | ၁၇၆၉ | ၅၄၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၅ | ၅၄၆ | ၂၇၉ | ၃၂၆ | | ၄၇ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၉၂၂ | | ၅၉၂၂ | ၅၈၀၀ | ၁၂၂ | |
| | စုစုပေါင်း | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |

၁၄။ ကော့မှူးမြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ၆၂ အုပ်စုရှိ မဲရုံ ၁၆၁ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၇၆၉ ပျောက်ဆုံးနေပြီး ၅၄၉ ပိုနေသည်ကို တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အနေဖြင့် ထုတ်ပေးထားသည့်အရေအတွက်ထက် ၄၇ ပိုနေပြီး မြို့နယ်လက်ကျန် မဲလက်မှတ်အရေအတွက် ၁၂၂ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မပိုင်းရပ်ကွက် | ၁၃၅၀ | ၉၇၈ | ၃၇၂ | ၁၂၂ | ၂၅၀ | |
| ၂ | မြို့သစ်ရပ်ကွက် | ၁၅၅၂ | ၁၁၆၂ | ၃၉၀ | ၄၈၈ | | ၉၈ |
| ၃ | မကျီးတန်းရပ်ကွက် | ၇၅၀ | ၅၇၅ | ၁၇၅ | ၁၇၅ | | |
| ၄ | တာလမ်းသစ်ရပ်ကွက် | ၁၀၅၀ | ၈၄၀ | ၂၁၀ | ၂၁၀ | | |
| ၅ | ပြည်တော်သာရပ်ကွက် | ၈၅၀ | ၆၇၂ | ၁၇၈ | ၁၇၈ | | |
| ၆ | တောင်ပိုင်းရပ်ကွက် | ၁၀၇၀ | ၇၉၄ | ၂၇၆ | ၂၀၆ | ၇၀ | |
| ၇ | ဘုရားလမ်းရပ်ကွက် | ၁၆၅၀ | ၁၂၃၄ | ၄၁၆ | ၄၁၆ | | |
| ၈ | မကျီးကန်ကျေးရွာအုပ်စု | ၃၂၅၀ | ၂၄၆၁ | ၇၈၉ | ၆၈၉ | ၁၀၀ | |
| ၉ | နတ်စင်ကုန်းကျေးရွာအုပ်စု | ၅၄၀၀ | ၃၈၄၇ | ၁၅၅၃ | ၁၃၀၃ | ၂၅၀ | |
| ၁၀ | အဖျောက်ကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၆၃ | ၇၈၇ | ၇၃၇ | ၅၀ | |
| ၁၁ | ထမ္မနိုင်ကျေးရွာအုပ်စု | ၂၃၅၀ | ၁၆၅၈ | ၆၉၂ | ၇၄၅ | | ၅၃ |
| ၁၂ | မဝန်းကျေးရွာအုပ်စု | ၁၁၅၀ | ၈၂၂ | ၃၂၈ | ၃၂၈ | | |
| ၁၃ | ကျွဲလူးအိုင်ကျေးရွာအုပ်စု | ၇၀၀ | ၅၅၅ | ၁၄၅ | ၁၄၅ | | |
| ၁၄ | ဖရုံချောင်ကျေးရွာအုပ်စု | ၇၀၀ | ၅၄၆ | ၁၅၄ | ၁၅၄ | | |
| ၁၅ | ကန်သုံးကန်ကျေးရွာအုပ်စု | ၆၀၀ | ၄၃၉ | ၁၆၁ | ၁၆၁ | | |
| ၁၆ | ကိုးတောင်ကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၂၉ | ၅၇၁ | ၆၂၁ | | ၅၀ |
| ၁၇ | ရေဖြူတွင်းကျေးရွာအုပ်စု | ၁၃၅၀ | ၉၈၁ | ၃၆၉ | ၃၆၉ | | |
| ၁၈ | ကြာကန်ကျေးရွာအုပ်စု | ၁၂၀၀ | ၈၇၆ | ၃၂၄ | ၃၂၄ | | |
| ၁၉ | မျက်ဆံနီကျေးရွာအုပ်စု | ၉၅၀ | ၆၈၀ | ၂၇၀ | ၂၇၀ | | |
| ၂၀ | ရွာတန်းရှည်ကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၅၆ | ၃၄၄ | ၃၄၄ | | |
| ၂၁ | ညောင်ပင်သာကျေးရွာအုပ်စု | ၂၂၅၀ | ၁၅၃၁ | ၇၁၉ | ၇၁၉ | | |
| ၂၂ | ဘို့ဒင်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၅၁ | ၂၉၉ | ၂၉၉ | | |
| ၂၃ | ပျားမွတ်ကျေးရွာအုပ်စု | ၈၅၀ | ၅၆၃ | ၂၈၇ | ၂၈၇ | | |
| ၂၄ | ဝါးဘလောက်သောက် ကျေးရွာအုပ်စု | ၃၆၀၀ | ၂၆၂၄ | ၉၇၆ | ၉၇၇ | | ၁ |
| ၂၅ | ခရိုက်ခနိကျေးရွာအုပ်စု | ၁၂၀၀ | ၈၀၃ | ၃၉၇ | ၃၉၇ | | |
| ၂၆ | ကမာကနီးကျေးရွာအုပ်စု | ၉၅၀ | ၄၇၄ | ၄၇၆ | ၃၇၆ | ၁၀၀ | |
| ၂၇ | ထန်းတပင်ကျေးရွာအုပ်စု | ၁၅၀၀ | ၉၀၉ | ၅၉၁ | ၄၉၁ | ၁၀၀ | |
| ၂၈ | ကျုံဒရယ်ကျေးရွာအုပ်စု | ၁၈၀၀ | ၁၂၂၈ | ၅၇၂ | ၆၇၂ | | ၁၀၀ |
| ၂၉ | သခွတ်ပင်ကျေးရွာအုပ်စု | ၂၉၀၀ | ၂၁၀၈ | ၇၉၂ | ၇၉၂ | | |
| ၃၀ | ကျူတောချောင် ကျေးရွာအုပ်စု | ၁၀၅၀ | ၇၈၆ | ၂၆၄ | ၂၆၄ | | |
| ၃၁ | ဆားတိုင်မွတ်ကျေးရွာအုပ်စု | ၉၀၀ | ၅၇၄ | ၃၂၆ | ၃၂၆ | | |
| ၃၂ | သရက်တောကျေးရွာအုပ်စု | ၁၀၅၀ | ၈၃၀ | ၂၂၀ | ၂၂၀ | | |
| ၃၃ | သမင်ခြံကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၅၂ | ၂၉၈ | ၂၉၈ | | |
| ၃၄ | တာတိုက်ကျေးရွာအုပ်စု | ၉၀၀ | ၆၃၉ | ၂၆၁ | ၂၆၃ | | ၂ |
| ၃၅ | လက်ခိုက်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၉၁၅ | ၆၃၅ | ၆၃၅ | | |
| ၃၆ | ဇရပ်ကုန်းကျေးရွာအုပ်စု | ၇၅၁ | ၅၈၁ | ၁၇၀ | ၁၇၀ | | |
| ၃၇ | ပိန်းနဲကုန်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၇၆ | ၅၇၄ | ၅၇၄ | | |
| ၃၈ | လာဝတီကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၅၈ | ၅၄၂ | ၄၉၂ | ၅၀ | |
| ၃၉ | ဆပုဂံကျေးရွာအုပ်စု | ၁၉၀၂ | ၁၂၇၂ | ၆၃၀ | ၅၇၈ | ၅၂ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၄၀ | တောင်ချောင်ကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၈၁ | ၄၁၉ | ၄၁၉ | | |
| ၄၁ | မြောက်ချောင်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၉၁ | ၆၅၉ | ၆၅၉ | | |
| ၄၂ | ထန်းပင်ချောင်ကျေးရွာအုပ်စု | ၆၅၀ | ၄၃၄ | ၂၁၆ | ၂၁၆ | | |
| ၄၃ | ၄က်အော်စမ်းကျေးရွာအုပ်စု | ၁၂၀၀ | ၅၄၁ | ၆၅၉ | ၂၁၀ | ၄၄၉ | |
| ၄၄ | တကူပုံကျေးရွာအုပ်စု | ၁၅၀၀ | ၁၁၇၈ | ၃၂၂ | ၃၂၂ | | |
| ၄၅ | နတ်ရေတွင်းကျေးရွာအုပ်စု | ၁၄၀၀ | ၈၇၈ | ၅၂၂ | ၅၂၂ | | |
| ၄၆ | ရှာဘွားကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၀၇ | ၉၉၃ | ၉၉၈ | | ၅ |
| ၄၇ | ကညင်ငူကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၅၁ | ၃၄၉ | ၂၉၉ | ၅၀ | |
| ၄၈ | တလုတ်ထော်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၅၁ | ၆၄၉ | ၆၄၉ | | |
| ၄၉ | ခလောင်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၂၂ | ၅၇၈ | ၅၇၈ | | |
| ၅၀ | ရေကျော်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၀၂၆ | ၇၂၄ | ၇၇၄ | | ၅၀ |
| ၅၁ | ပျဉ်းကတိုးကျေးရွာအုပ်စု | ၁၃၀၀ | ၉၅၈ | ၃၄၂ | ၃၄၂ | | |
| ၅၂ | ညောင်ကုန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၉၅ | ၄၀၅ | ၃၅၉ | ၄၆ | |
| ၅၃ | မဆယ်ဆိပ်ကျေးရွာအုပ်စု | ၄၅၀၀ | ၃၄၅၄ | ၁၀၄၆ | ၉၉၆ | ၅၀ | |
| ၅၄ | ဝါးသိခ်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၇၉ | ၅၂၁ | ၅၂၁ | | |
| ၅၅ | မှော်တောကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၈၂ | ၅၆၈ | ၆၀၇ | | ၃၉ |
| ၅၆ | ပုပ္ပါးကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၅၆ | ၄၄၄ | ၃၉၄ | ၅၀ | |
| ၅၇ | ကျိုက်ထော်(မြောက်) ကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၉၇ | ၁၀၅၃ | ၁၂၀၃ | | ၁၅၀ |
| ၅၈ | ကျိုက်ထော်(တောင်) ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၅၉ | ၅၄၁ | ၅၄၂ | | ၁ |
| ၅၉ | အောက်ကျောင်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၁၃ | ၇၃၇ | ၆၈၇ | ၅၀ | |
| ၆၀ | သမဲ့ကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၂ | ၃၃၈ | ၂၈၈ | ၅၀ | |
| ၆၁ | ကျုံလတာကျေးရွာအုပ်စု | ၈၅၀ | ၅၈၅ | ၂၆၅ | ၂၆၃ | ၂ | |
| ၆၂ | စမ်းကောက်ကျေးရွာအုပ်စု | ၁၄၀၀ | ၉၃၀ | ၄၇၀ | ၄၇၀ | | |
| | မဲရုံ+ရပ်ကျေး စုစုပေါင်း | ၁၀၈၀၇၅ | ၇၇၇၂၂ | ၃၀၃၅၃ | ၂၉၁၃၃ | ၁၇၆၉ | ၅၄၉ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | ၈၂၅ | ၅၄၆ | ၂၇၉ | ၃၂၆ | | ၄၇ |
| | မြို့နယ်လက်ကျန် | ၅၉၂၂ | | ၅၉၂၂ | ၅၈၀၀ | ၁၂၂ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |

## ဒလမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၄၇ ခု၊ မဲရုံပေါင်း ၁၈၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၆၀၉၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၅၂၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၄၅၆၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၀၃၅၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၆၄၅၀ | ၉၀၇၁၅ | ၄၅၇၃၅ | ၄၁၅၂၀ | ၄၄၅၂ | ၂၃၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၉၉ | ၈၁၁ | ၈၈ | ၈၈ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၇၄၄ | | ၈၇၄၄ | ၈၇၄၄ | | |
| | စုစုပေါင်း | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |

၁၆။ ဒလမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ ခုရှိ မဲရုံ ၁၈၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၄၅၂ ပျောက်ဆုံးနေပြီး ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပေးထားခြင်းထက် ၂၃၇ ပိုမိုနေကြောင်း တွေ့ရှိရပါသည်။ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | သမတကမ်းခြေရပ်ကွက် | ၆ | ၃၉၅၀ | ၂၇၃၂ | ၁၂၁၈ | ၁၂၁၇ | ၁ | |
| ၂ | အုံ့ကြီးအရှေ့ရပ်ကွက် | ၆ | ၄၇၀၀ | ၃၁၆၉ | ၁၅၃၁ | ၁၃၈၁ | ၁၅၀ | |
| ၃ | ဖိန်ပါတ်ရပ်ကွက် | ၂ | ၂၂၀၀ | ၁၅၉၈ | ၆၀၂ | ၃၅၂ | ၂၅၀ | |
| ၄ | ၁၁/၁၄ ရပ်ကွက် | ၆ | ၅၀၀၀ | ၃၂၃၆ | ၁၇၆၄ | ၁၇၆၆ | | ၂ |
| ၅ | ညောင်ကုန်းရပ်ကွက် | ၆ | ၄၅၀၀ | ၃၁၄၅ | ၁၃၅၅ | ၁၃၀၅ | ၅၀ | |
| ၆ | မြို့မ(၁)ရပ်ကွက် | ၂ | ၉၅၀ | ၇၄၇ | ၂၀၃ | ၂၀၂ | ၁ | |
| ၇ | မြို့မ(၂)ရပ်ကွက် | ၂ | ၁၄၅၀ | ၉၅၉ | ၄၉၁ | ၃၉၁ | ၁၀၀ | |
| ၈ | မြို့မ(၃)ရပ်ကွက် | ၁ | ၅၀၀ | ၃၄၄ | ၁၅၆ | ၁၅၆ | | |
| ၉ | မြို့မ(၄)ရပ်ကွက် | ၅ | ၃၈၀၀ | ၂၅၉၃ | ၁၂၀၇ | ၁၂၁၇ | | ၁၀ |
| ၁၀ | အောင်မင်္ဂလာရပ်ကွက် | ၄ | ၂၃၀၀ | ၁၇၁၄ | ၅၈၆ | ၅၇၅ | ၁၁ | |
| ၁၁ | ဗိုလ်ရန်ပြေရပ်ကွက် | ၄ | ၃၁၀၀ | ၂၀၉၄ | ၁၀၀၆ | ၁၀၀၇ | | ၁ |
| ၁၂ | အုံ့ကြီးအနောက်ရပ်ကွက် | ၆ | ၄၄၅၀ | ၃၀၁၆ | ၁၄၃၄ | ၁၃၈၅ | ၄၉ | |
| ၁၃ | ကမာကသွယ်ရပ်ကွက် | ၅ | ၃၃၅၀ | ၂၃၁၉ | ၁၀၃၁ | ၁၀၃၁ | | |
| ၁၄ | စက်မြေရပ်ကွက် | ၄ | ၂၉၀၀ | ၁၇၈၈ | ၁၁၁၂ | ၉၆၂ | ၁၅၀ | |
| ၁၅ | ကမာကဆစ်ရပ်ကွက် | ၁၀ | ၉၅၀၀ | ၅၅၀၅ | ၃၉၉၅ | ၃၉၄၄ | ၅၁ | |
| ၁၆ | မှော်စက်ရပ်ကွက် | ၆ | ၅၄၀၀ | ၂၈၂၃ | ၂၅၇၇ | ၁၉၂၇ | ၆၅၀ | |
| ၁၇ | ဝန်ထမ်းအိမ်ရာရပ်ကွက် | ၄ | ၂၉၅၀ | ၁၄၁၅ | ၁၅၃၅ | ၁၁၃၆ | ၃၉၉ | |
| ၁၈ | ဗညားဒလရပ်ကွက် | ၄ | ၂၉၀၀ | ၁၉၀၀ | ၁၀၀၀ | ၁၀၅၀ | | ၅၀ |
| ၁၉ | ရာဇသင်္ကြန်ရပ်ကွက် | ၇ | ၅၅၅၀ | ၃၀၇၇ | ၂၄၇၃ | ၂၄၂၃ | ၅၀ | |
| ၂၀ | ဆာပါချောင်ရပ်ကွက် | ၄ | ၃၁၀၀ | ၂၂၆၈ | ၈၃၂ | ၈၃၁ | ၁ | |
| ၂၁ | ကျန်စစ်သားရပ်ကွက် | ၁၃ | ၁၁၃၅၀ | ၇၃၇၁ | ၃၉၇၉ | ၃၇၈၉ | ၁၉၀ | |
| ၂၂ | တပင်ရွှေထီးရပ်ကွက် | ၉ | ၅၃၅၀ | ၃၅၇၀ | ၁၇၈၀ | ၁၆၈၂ | ၉၈ | |
| ၂၃ | ဘုရင့်နောင်ရပ်ကွက် | ၄ | ၂၈၀၀ | ၁၄၉၀ | ၁၃၁၀ | ၉၁၀ | ၄၀၀ | |
| ၂၄ | တာကြီးရပ်ကွက် | ၄ | ၃၁၀၀ | ၂၂၂၆ | ၈၇၄ | ၇၇၄ | ၁၀၀ | |
| ၂၅ | သပြေကုန်းကျေးရွာအုပ်စု | ၃ | ၄၄၀၀ | ၂၂၅၅ | ၂၁၄၅ | ၉၉၅ | ၁၁၅၀ | |
| ၂၆ | ညောင်ငုတ္တိုကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၇၈ | ၂၂၂ | ၂၂၂ | | |
| ၂၇ | ရဲချောင်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၀၃၈ | ၂၆၂ | ၂၆၂ | | |
| ၂၈ | ရဲချောင်းဝကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၆၉ | ၈၁ | ၈၁ | | |
| ၂၉ | ထူးကြီးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၆၈၈ | ၄၁၂ | ၄၂၄ | | ၁၂ |
| ၃၀ | ထော်အောက်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၁၀ | ၃၉၀ | ၃၉၂ | | ၂ |
| ၃၁ | ပျော်ဘွယ်ကြီးကျေးရွာအုပ်စု | ၆ | ၄၄၀၀ | ၃၄၇၂ | ၉၂၈ | ၉၂၇ | ၁ | |
| ၃၂ | ရွှေလှေချောင်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၃၁ | ၃၁၉ | ၃၆၉ | | ၅၀ |
| ၃၃ | သမ္ဘာန်ချောင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၆၀၅ | ၃၄၅ | ၃၄၅ | | |
| ၃၄ | သရောတန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၉၇ | ၃၀၃ | ၃၁၃ | | ၁၀ |
| ၃၅ | ရခိုင်ချောင်(တ)ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၀ | ၃၄၀ | ၂၉၀ | ၅၀ | |
| ၃၆ | ရခိုင်ချောင်(မ)ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၀၇ | ၄၄၃ | ၄၉၃ | | ၅၀ |
| ၃၇ | တုံးတင်ဂံ(တ)ကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၈၉၁ | ၅၀၉ | ၄၅၉ | ၅၀ | |
| ၃၈ | တုံးတင်ဂံ(မ)ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၅၄ | ၁၄၆ | ၁၄၆ | | |
| ၃၉ | ညောင်ချောင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၇၃ | ၂၂၇ | ၁၇၇ | ၅၀ | |
| ၄၀ | ခနုတ်စံပြကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၃၄ | ၃၆၆ | ၄၁၆ | | ၅၀ |
| ၄၁ | ဘိုးဖြူချောင်းကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၀၀ | ၃၀၀ | ၃၀၀ | | |
| ၄၂ | ညောင်ပင်ကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၇၇၀ | ၂၈၀ | ၂၃၀ | ၅၀ | |
| ၄၃ | ကျွဲလူးအိုင်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၇၆ | ၄၇၄ | ၃၇၆ | ၉၈ | |
| ၄၄ | ခနောင်ရှမ်းစုကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၈၄ | ၁၆၆ | ၁၆၆ | | |
| ၄၅ | ခနောင်ရွာမကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၆၆ | ၈၈၄ | ၆၈၄ | ၂၀၀ | |
| ၄၆ | ခနောင်အထက်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၇၀ | ၁၈၀ | ၈၀ | ၁၀၀ | |
| ၄၇ | တံတားချောင်းကျေးရွာအုပ်စု | ၅ | ၅၄၅၀ | ၃၄၈၈ | ၁၉၆၂ | ၁၉၆၀ | ၂ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၈၂ | ၁၃၆၄၅၀ | ၉၀၇၁၅ | ၄၅၇၃၅ | ၄၁၅၂၀ | ၄၄၅၂ | ၂၃၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၉၉ | ၈၁၁ | ၈၈ | ၈၈ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၈၇၄၄ | | ၈၇၄၄ | ၈၇၄၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမေရိကန်နှင့်တရုတ် ထိပ်တန်းသံတမန်များ အလက်စကာတွင် ဆွေးနွေးမှုစတင်

ဝါရှင်တန် မတ် ၁၉

**အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ ထိပ်တန်းသံတမန်များသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် မျက်နှာချင်းဆိုင်တွေ့ဆုံမှုကို စတင်လိုက်ပြီဖြစ်သည်။**

ယင်းအစည်းအဝေးမှာ အလက်စကာ ပြည်နယ်တို့တွင် ကျင်းပခဲ့ပြီး မတ် ၁၉ ရက်တွင် အပြီးသတ်မည်ဟု သိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်နှင့် အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလေဗန်တို့သည် တရုတ်နိုင်ငံ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင် ယန်းကျဲချီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့နှင့်တွေ့ဆုံခဲ့ကြသည်။

ဘိုင်ဒင်အစိုးရ၏ ဦးစားပေးအစီအစဉ်ဖြစ်သော ရာသီဥတုပြောင်းလဲမှုပြဿနာတွင် တရုတ်နိုင်ငံနှင့် အတူ အလုပ်လုပ်ကိုင်ရန် ဖြစ်နိုင်ခြေ ရှိ မရှိ လေ့လာသွားရန်လည်း အမေရိကန်ဘက်က မျှော်လင့်ထားသည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်က ချမှတ်ခဲ့သည့် နောက်ထပ်အခွန်စည်းကြပ်မှုများကို အမေရိကန်ဘက်က အဆုံးသတ်ပေးရန်လည်း တရုတ်အရာရှိများက တောင်းဆိုလိမ့်မည်ဟု ခန့်မှန်းထားသည်။

အနာဂတ်တွင် တရုတ်-အမေရိကန် ဆက်ဆံရေး မည်သို့ဖြစ်မည်ကို အာရုံစိုက်နေကြသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်နှင့် တရုတ် ထိပ်တန်းသံတမန်များ တွေ့ဆုံဆွေးနွေးကြစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် Sputnik V ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် အတည်ပြုပေး

**မနီလာ မတ် ၁၉**

ဖိလစ်ပိုင်နိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲမှု (အက်ဖ်ဒီအေ) က ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် Sputnik V ကို အရေးပေါ် သုံးစွဲခွင့်အတွက် အတည်ပြုပေးလိုက်သည်ဟု အက်ဖ်ဒီအေမှ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ အင်ရီဂေ ဒိုမင်ဂိုက မတ် ၁၉ ရက်တွင် ပြောသည်။

Sputnik V ကာကွယ်ဆေး၏ အကျိုးရလဒ်များကို သိရှိပြီး ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးခြင်းဖြင့် ကိုဗစ်-၁၉ ကိုကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရရှိလာမည့် ကောင်းကျိုးများက ဆိုးကျိုးများထက် အလေးသာလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် လူများအား ထိုးပေးနိုင်ကြောင်း သိရသည်။

ယင်း ကာကွယ်ဆေးမှာ အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံက အရေးပေါ်သုံးစွဲခွင့်အဖြစ် အတည်ပြုပေးလိုက်သည့် စတုတ္ထမြောက် ကာကွယ်ဆေးလည်း ဖြစ်သည်။

ယခင်ကလည်း ဖိုက်ဇာ၊ အက်စထရာဇနီကာနှင့် ဆီနိုဖမ်း ကာကွယ်ဆေးတို့ကို အရေးပေါ်သုံးစွဲခွင့်အတွက် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

အက်ဖ်ဒီအေမှ ခွင့်ပြုပေးလိုက်ခြင်းသည် ဈေးကွက်အတွင်း ရောင်းချရန်နှင့် စီးပွားရေးအရ ရောင်းချမှုပြုနိုင်ရေး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းမျိုး မဟုတ်ဟု အက်ဖ်ဒီအေက ရှင်းလင်းခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် ယခုနှစ်အတွင်း ပြည်သူ သန်း ၇၀ ကို ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် ရည်ရွယ်ထားသည်။

ကျန်းမာရေး ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲသည့် အသိုက်အဝန်းများကို ဦးစွာ ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၄၀၉၈၄ ဦးရှိပြီး သေဆုံးသူ ၁၂၈၈၇ ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ




ဖိလစ်ပိုင်နိုင်ငံ မနီလာတွင် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

## စီအိုင်အေ ညွှန်ကြားရေးမှူးအဖြစ် ဝီလီယံဘန်းစ် ကို အမေရိကန်အထက်လွှတ်တော်က အတည်ပြု

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ စီအိုင်အေ၏ ညွှန်ကြားရေးမှူးအဖြစ် ဝီလီယံဘန်းစ်ကို အမေရိကန်အထက်လွှတ်တော်မှ တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့သည်ဟု သိရသည်။

**ဆယ်စုနှစ်သုံးစုစာ အတွေ့အကြုံရှိ**

၎င်းသည် ထောက်လှမ်းရေးအဖွဲ့အစည်းကို ဦးဆောင်နိုင်ရန်အတွက် သံတမန်လုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံများလည်း ရှိသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ အနားယူခဲ့ပြီး နိုင်ငံခြားဆက်ဆံမှုတွင် ဆယ်စုနှစ်သုံးစုစာ အတွေ့အကြုံရှိသည်။

**တစ်ခဲနက်ထောက်ခံမှုကိုရရှိ**

စီအိုင်အေကို ဦးဆောင်ရန်အတွက် သမ္မတ ဂျိုးဘိုင်ဒင်က ဝီလီယံဘန်းစ်ကို ထောက်ခံခဲ့ပြီးနောက် လွှတ်တော်နှစ်ရပ်စလုံး၏ တစ်ခဲနက်ထောက်ခံမှုကို ရရှိခဲ့သည်။ ဝီလီယံဘန်းစ်သည် ရုရှားနှင့် ဂျော်ဒန်နိုင်ငံဆိုင်ရာ သံအမတ်ဟောင်းဖြစ်ပြီး ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန် သမ္မတများအောက်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်သည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုနှင့် အရင်းအမြစ်ဆိုင်ရာ ဒုတိယဝန်ကြီးအဖြစ် ဘရိန်းမက်ကီယွန်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ လုံခြုံစိတ်ချရသည်ဟု ဥရောပသမဂ္ဂ ဆေးအေဂျင်စီ အတည်ပြု

**ဘရပ်ဆဲလ် မတ် ၁၉**

ဥရောပသမဂ္ဂဆေးဘက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် အက်စ်ထရာဇနီကာဆေးမှာ လုံခြုံစိတ်ချရမှုရှိပြီး အကျိုးသက်ရောက်မှုရှိသည်ဟု အပြီးသတ်ဆုံးဖြတ်ချက်ချခဲ့သည်။ အက်စ်ထရာဇနီကာ ကာကွယ်ဆေး ထိုးပြီးနောက် သွေးခဲမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့မှုကို ဥရောပဆေးအေဂျင်စီက လေ့လာသုံးသပ်မှုများပြုလုပ်ခဲ့သည်။

ဂျာမနီ၊ ပြင်သစ်နှင့် အခြားသော ဥရောပနိုင်ငံများသည် အက်စ်ထရာဇနီကာ ကာကွယ်ဆေး အသုံးပြုမှုကို ကြိုတင်ကာကွယ်မှုတစ်ရပ်အဖြစ် ဆိုင်းငံ့ခဲ့သည်။ အဆိုပါကာကွယ်ဆေး၏ ကိုဗစ်-၁၉ အပေါ်ကာကွယ်ပေးနိုင်မှုမှာ ဆိုးကျိုးများထက် အလေးသာသည်ဟု ဥရောပဆေးအေဂျင်စီက မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ ကာကွယ်ဆေးနှင့် ရှားရှားပါးပါး သွေးခဲမှုဖြစ်စဉ်ကြား ဆက်စပ်မှုကိုမူ တိတိကျကျ ဖယ်ရှားနိုင်ခြင်းမရှိသေးဟု အေဂျင်စီက ပြောသည်။ ကျိုးကြောင်းဆီလျော်သည့် ဆက်နွယ်မှုများကို နောက်ထပ်လေ့လာမှုပြုလုပ်ရန် လိုအပ်သေးသည်ဟု ဖော်ညွှန်းလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အက်စ်ထရာဇနီကာ ကာကွယ်ဆေး၏ ကောင်းကျိုးမှာ ဆိုးကျိုးထက်အလေးသာသည်ဟု စဉ်းစားခဲ့သည်။ ကာကွယ်ဆေးနှင့် သွေးခဲမှု ဖြစ်စဉ်တို့အကြား ဆက်စပ်မှုရှိသည်ဟူသော သက်သေပြချက်မျိုး မရှိသေးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ဥရောပသမဂ္ဂ ဆေးဘက်ဆိုင်ရာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အက်စ်ထရာဇနီကာဆေးမှာ လုံခြုံစိတ်ချရမှုရှိပြီး အကျိုးသက်ရောက်မှုရှိသည်ဟု အပြီးသတ်ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့တွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးနှံမှုများကို ပြန်လည်စတင်တော့မည်ဖြစ်သည်။

ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် စပိန်နိုင်ငံတို့သည် ကာကွယ်ဆေးထိုးနှံမှုကို ပြန်လည်စတင်မည်ဟု ပြောကြားခဲ့သည်။ အက်စ်ထရာဇနီကာဆေးကို ထိုးနှံမှုပြန်လည်စတင်ခြင်း ပြု မပြုမှာ ဥရောပသမဂ္ဂ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီအပေါ်တွင် မူတည်သည်။




**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကူးစက်မှုမြင့်လာသောကြောင့် ယူကရိန်းနိုင်ငံမြို့တော် ကီယက်ဗ်တွင် ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်

**ကီယက်ဗ် မတ် ၁၉**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်လာချိန် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများလည်း ရပ်တန့်လျက်ရှိသောကြောင့် ယူကရိန်းမြို့တော်နေပြည်သူများသည် ယခုသီတင်းပတ်ကုန်မှစကာ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုသစ်များကို ရင်ဆိုင်ကြရတော့မည် ဖြစ်ကြောင်း ကီယက်ဗ်မြို့တော်ဝန်က မတ် ၁၈ ရက်က ပြောကြားလိုက်သည်။

အရာရှိများသည် တင်းကျပ်သည့်ပိတ်ဆို့မှုများကို ပြန်လည်ကျင့်သုံးရန် လပေါင်းအတော်ကြာ ခုခံငြင်းဆန်နိုင်ခဲ့သည်။ သို့သော်လည်း ဥရောပ၏ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ယူကရိန်းနိုင်ငံသည် နောက်ထပ်စီးပွားရေးဒဏ်ပိလာမည့်အရေးကို စိုးရိမ်လျက်ရှိသည်။

ကျန်းမာရေးစနစ်တွင် ဖိစီးမှုများနှင့် ရင်ဆိုင်နေရသည့် ယူကရိန်းနိုင်ငံသည် လပေါင်းအတော်ကြာ ကာလအတွင်း ၎င်း၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု အမြင့်ဆုံးနှုန်းသည် မတ် ၁၈ ရက်က ၁၅၀၀၀ ကျော်ရှိခဲ့သည်။

ကီယက်ဗ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော် ရှိလာခဲ့သည့်အပေါ် မြို့တော်ဝန်က ကြောက်စရာကောင်းသည့်အခြေအနေတစ်ခု အဖြစ်ဖော်ပြခဲ့ပြီး ကိုဗစ်-၁၉ ကန့်သတ် ပိတ်ဆို့မှုသစ်များကို မတ် ၂၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြဋ္ဌာန်းရန် ကြေညာလိုက်သည်။

ဗီဒီယိုရုပ်မြင်သံကြားမိန့်ခွန်းတွင် မြို့တော်ဝန်က ယဉ်ကျေးမှုအဆောက်အအုံများကို ပိတ်ထားမည်ဖြစ်ကြောင်း၊ အားကစားရုံများအတွင်းသို့ အားကစား သမားများဝင်ရောက်ခြင်းကို တားမြစ်သွားမည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်များကိုလည်း မှာယူစားသောက်သည့် ပုံစံကို ကန့်သတ်သွားမည်ဖြစ်ကြောင်း၊ ဈေးဝယ်ကုန်တိုက်ကြီးများကို ပိတ်ထားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဟင်းသီးဟင်းရွက်ရောင်းချသောဆိုင်များနှင့် ဆေးဆိုင်များကိုသာ ဆက်လက်ဖွင့်ထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ မူကြို ကျောင်းများကိုလည်း ဆက်လက် ဖွင့်ထားပေးမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကျောင်းများတွင် အဝေးသင်စနစ်ကို ပြောင်းလဲကျင့်သုံးရမည် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားထားသည်။



ယူကရိန်းနိုင်ငံ ကီယက်ဗ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် အမျိုးသားတစ်ဦး ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကြောင့် ကမ္ဘာပေါ်တွင် လူပေါင်း နှစ်သန်းကျော်သေဆုံး

**ပါရီ မတ် ၁၉**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်ခဲ့သော ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာပေါ်တွင် လူပေါင်း ၂၆၈၂၀၃၂ ဦး သေဆုံးခဲ့ကြောင်း မတ် ၁၈ ရက် ဂရင်းနစ်စံတော်ချိန် ၁၁၀၀ နာရီက ထုတ်ပြန်လိုက်သော အေအက်ဖ်ပီသတင်းအရ သိရသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၂၁၂၀၉၆၃၀ ရှိကြောင်း မှတ်တမ်းတင်ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအများစု ရောဂါလက္ခဏာများမှ ပြန်လည်ကောင်းမွန်လာသော်လည်း တချို့မှာ ကိုဗစ်-၁၉ ရောဂါကို သီတင်းပတ်ပေါင်းအတော်ကြာ ဆက်လက်ရင်ဆိုင်နေရကြောင်း သိရသည်။

မတ် ၁၇ ရက်က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၀၁၄၅ ဦးရှိပြီး အတည်ပြုလူနာပေါင်း ၅၁၉၅၈၁ ဦး ရှိခဲ့သည်။

နောက်ဆုံးသတင်းဖော်ပြချက်များကိုအခြေခံ၍ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးမှုအများဆုံးနိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ထပ်မံသေဆုံးသူ ၂၆၄၈ ဦးရှိသည်။ အမေရိကန်ပြည်ထောင်စုက ထပ်မံသေဆုံးသူ ၁၁၁၉ ဦးဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကာ မက္ကဆီကိုနိုင်ငံက ထပ်မံသေဆုံးသူ ၇၈၉ ဦးဖြင့် တတိယနေရာမှ လိုက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ရောဂါကို အဆိုးဆုံးခံစားရသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၅၃၈၀၉၃ ဦးရှိလာကာ စုစုပေါင်းအတည်ပြု ကူးစက်လူနာပေါင်း ၂၉၆၀၈၀၂၆ ဦးရှိသည်။

အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုဗစ်-၁၉ ရောဂါကို ဒုတိယအဆိုးဆုံး ခံစားနေရသောနိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၈၄၇၇၅ ဦးရှိပြီး စုစုပေါင်းအတည်ပြုကူးစက်လူနာ ၁၁၆၉၃၈၃၈ ဦးရှိသည်။ ထို့နောက် မက္ကဆီကိုနိုင်ငံသည် သေဆုံးသူ ၁၉၅၉၀၈ ဦးရှိပြီး အတည်ပြုကူးစက်လူနာပေါင်း ၂၁၇၅၄၆၂ ဦးရှိသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၉၂၁၆ ဦးရှိပြီး အတည်ပြုကူးစက်လူနာပေါင်း ၁၁၄၇၄၆၀၅ ဦးရှိသည်။ အင်္ဂလန်နိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၂၇၄၅၇၉ ဦးရှိသည့်အနက် ၁၂၅၈၃၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ အရေးပေါ်လူနာတစ်ဦးကို ဆေးဝန်ထမ်းများက အထူးကြပ်မတ် ဆောင်သို့ သယ်ဆောင်သွားသည်ကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

## ဆီးရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်

**ဒမတ်စကတ် မတ် ၁၉**

ဆီးရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၈ ရက်က ပြောကြားလိုက်သည်။ ဒမတ်စကတ်ရှိ ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်နေရာတွင် နေရာလွတ်မရှိလောက်အောင် လူနာခုတင်များ မအားမလပ်ဖြစ်နေကြောင်း ဆာနားသတင်းအေဂျင်စီ၏ သတင်းဖော်ပြချက်အရ သိရသည်။

အထူးကြပ်မတ်ကုသဆောင်ရှိ လူနာခုတင်များသည် ပြည့်နေပြီဖြစ်ကြောင်း၊ တချို့ရောဂါပြင်းထန်လူနာများကို တခြားပြည်နယ်များရှိ အထူးကြပ်မတ်ကုသဆောင်များသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

**ဆင်ဟွာ**

# ပါကစ္စတန်ဝန်ကြီးချုပ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူ

**အစ္စလမ္မာဘတ် မတ် ၁၉**

ပါကစ္စတန်သမ္မတ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီး ရက်အတော်ကြာပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်သည် မတ် ၁၈ ရက်က အစ္စလမ္မာဘတ်တွင် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ ကျန်းမာရေးအထူး လက်ထောက် ဖြစ်သူ ဖေဆယ်ဆူလ်တန်က အတည်ပြုပြောကြားခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ်သည် အသက် ၆၀ ကျော်အရွယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ် ထိုးနှံမှုတွင် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးအခမ်းအနားတွင် ခန်က နိုင်ငံတစ်ဝန်းရှိပြည်သူများကို နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယအကြိမ်ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်များကို လိုက်ပါလုပ်ဆောင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။

မတ် ၁၅ ရက်က ပါကစ္စတန်သမ္မတ အာရစ်ဖ်အယ်လ်ဗီနှင့် ဇနီးတို့သည် အစ္စလမ္မာဘတ်တွင် ဆီနိုဖမ်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

ပါကစ္စတန်သည် ဗုဒ္ဓဟူးနေ့က တရုတ်အစိုးရက လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို လက်ခံရရှိခဲ့သည်။

တရုတ်အစိုးရက လှူဒါန်းလိုက်သော ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ နိုင်ငံအတွင်းသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ပါကစ္စတန်နိုင်ငံသည် ဖေဖော်ဝါရီ အစောပိုင်းက နိုင်ငံတစ်ဝန်း အမျိုးသားအဆင့် ကိုဗစ်ကာကွယ်ဆေးထိုးမှု အစီအစဉ်ကို စတင်ခဲ့သည်။



ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု ခံယူနေစဉ်။

**ဆင်ဟွာ**

# ကာကွယ်ဆေးဖြန့်ဝေထိုးနှံပေးရေး ကနဦးအဆင့်တွင်ပင် ကိုဗက်အစီအစဉ်အတွက် အခက်အခဲများ ကြုံတွေ့နေရ

ကေကေစိုး

ဖေဖော်ဝါရီ ၂၄ ရက်မှာတော့ ဂါနာနိုင်ငံကို ကိုဗက်အစီအစဉ်ကနေ ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ပေးပို့နိုင်ခဲ့ပါတယ်။




## ကွာဟချက် ကြီးမားနေဆဲ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ယူနီဆက်ဖ်နှင့် အခြားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဦးဆောင်ပါဝင်ထားသည့် ကိုဗက်အစီအစဉ်သည် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို မျှတစွာဖြန့်ဝေနိုင်ရေးအတွက် ပြုလုပ်ထားသည့် အစီအစဉ်လည်းဖြစ်သည်။ သို့သော်လည်း ချမ်းသာသည့်နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများကြား ကာကွယ်ဆေးရရှိမှုနှင့် ပတ်သက်၍ ကွာဟချက်ကြီးမားနေဆဲဖြစ်သည်။ ယင်းအချက်ကို မည်သို့ကျော်လွှားရမည်ကို အခက်အခဲများ တွေ့ရှိနေဆဲဖြစ်သည်။ ယနေ့သည် လပေါင်းများစွာ သုတေသနပြုခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အဆုံးသတ်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့အက်ဒဟာနွမ် ဂီဘရီယက်ဆုစ်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

## ပြဿနာများနှင့် ရင်ဆိုင်ရ

အနောက်အာဖရိကနိုင်ငံများသို့ ကိုဗစ်- ၁၉ ကာကွယ်ဆေးအရေအတွက် ၆၀၀၀၀၀ ပေးပို့နိုင်ခဲ့ပြီး ပထမဆုံး ခြေလှမ်းပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အစိုးရများနှင့် ဆေးထုတ်လုပ်ရေးကုမ္ပဏီများကြား ပိုမိုကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း ၎င်းက ဆက်လက်တောင်းဆိုခဲ့သည်။ ကိုဗက်အစီအစဉ်သည် ကနဦးအဆင့်မှာပင် ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

## ရည်မှန်းထား

အာဖရိက အနောက်ပိုင်းကမ်းရိုးတန်း အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံဖြစ်သည့် ကာဘိုဗာဒေး၌ ၂၀၂၁ ခုနှစ်တွင် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။ ဖေဖော်ဝါရီလအတွင်းမှ စတင်ကာ ဖိုက်ဇာကာကွယ်ဆေး ၆၀၀၀ ကို ပေးပို့ရန် စီစဉ်ခဲ့သော်လည်း မတ် ၁၄ ရက်အထိတိုင်အောင် ကာကွယ်ဆေး ရောက်မလာသေးချေ။ နေ့တိုင်းနေ့တိုင်း ကာကွယ်ဆေးများကို သယ်ယူခွင့် ရရှိရေးအတွက် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်ဟုအဆိုပါနိုင်ငံမှကျန်းမာရေးညွှန်ကြားရေးမှူး ဘာရက်တိုက အင်န်အိတ်ချ်ကေသို့ ပြောသည်။

## စိတ်ရှည်စွာ စောင့်ဆိုင်းနေရ

လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေးအတွက် လုပ်ဆောင်နေစဉ် ကာကွယ်ဆေးများ တင်ပို့ရာတွင် နှောင့်နှေးနေမှုကိုလည်း လက်ခံထားရကြောင်း ၎င်းက ပြောသည်။ လုံခြုံစိတ်ချရသည့် ကာကွယ်ဆေးများ ရရှိရေးအတွက် စိတ်ရှည်စွာ စောင့်ဆိုင်းနေရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

## အဓိကဒေါက်တိုင်တစ်ခုဖြစ်

နှောင့်နှေးကြန့်ကြာမှုများကြောင့် ခရီးသွားလာမှုလုပ်ငန်းတွင်လည်း သက်ရောက်မှုများရှိသည်။ ခရီးသွားလုပ်ငန်းမှာ ကာဘိုဗာဒေး တိုင်းပြည်၏ စီးပွားရေးအတွက် အဓိက ဒေါက်တိုင်တစ်ခုဖြစ်သည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ဖြစ်ပွားမှုကြောင့် နယ်စပ်များ ပိတ်ထားရသည့်အတွက် ခရီးသွားလုပ်ငန်းတွင် ၉၀ ရာခိုင်နှုန်း ကျဆင်းသွားရသည်ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဘိုင်နိုဆန်တိုက ပြောသည်။

## နှောင့်နှေးမှုများမြင်တွေ့နေရ

အခြားသော နိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံပေးနေသည့် အစီအစဉ်များကို မြင်တွေ့နေရသည့်အခါ စိတ်အားငယ်မှုဖြစ်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရသည့် တိုင်းပြည်ဖြစ်သည့်အတွက် အချိန်စောနိုင်သမျှစောစွာ ကာကွယ်ဆေးထိုးပေးနိုင်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုဗက်အစီအစဉ်မှာ ပြဿနာတစ်ခုမဟုတ်ဟု ယူနီဆက်ဖ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအစီအစဉ်မှ ဒုတိယအကြီးအကဲဖြစ်သူ ဘင်ဂျမင်ရှိုက်ဘာက ပြောသည်။ ဝင်ငွေမြင့်မားသည့် နိုင်ငံကြီးများတွင်ပင်လျှင် တစ်နိုင်ငံလုံးအနှံ့ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်များတွင် နှောင့်နှေးမှုများ မြင်တွေ့နေရသည်ဟု ၎င်းက ပြောသည်။

## အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိ

ကာကွယ်ဆေးထိုးနှံပေးခြင်းမှာ အခြေခံအားဖြင့် လွယ်ကူသည့် ကိစ္စတစ်ခုမဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ခိုင်မာသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်မရှိသည့် နိုင်ငံများသို့ ကာကွယ်ဆေးတင်ပို့ပေးခဲ့လျှင်ပင် ယင်းနိုင်ငံများ၌ ကာကွယ်ဆေးထိုးနှံရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အဓိကစိန်ခေါ်မှုမှာ ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ် တည်ဆောက်ရန်နှင့် ကာကွယ်ဆေးများကို သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းထားခြင်းတို့ပင် ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဥပမာအားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးထားသည့် ဖိုက်ဇာကိုဗစ် -၁၉ ကာကွယ်ဆေးမှာ အလွန်နိမ့်သည့် အပူအချိန်အောက်တွင် ထိန်းသိမ်းထားရမည့် ကာကွယ်ဆေးဖြစ်သည်။

## အခြေခံပစ္စည်းများ မရှိ

ထားရှိရမည့် အပူချိန်သတ်မှတ်ချက်တွင် မထားမိပါက ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို ဆုံးရှုံးရမည်ဟု ကျွမ်းကျင်သူများက ပြောသည်။ ယူနီဆက်ဖ်သည် ဆိုလာစွမ်းအင်သုံး ရေခဲသေတ္တာ ၄၀၀၀၀ ကို ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ အဆုတ်ရောင်ရောဂါနှင့် အခြားရောဂါကာကွယ်ဆေးများ ထိန်းသိမ်းထားရန်အတွက် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အချို့သောနိုင်ငံများကို ကာကွယ်ဆေးဖြန့်ဝေပေးနိုင်ရေးအတွက် လုံလောက်သည့် အခြေခံပစ္စည်းများ မရှိချေ။ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် ထိခိုက်မှုများနိုင်သည့် လူများအတွက် ကာကွယ်ဆေး ၂ ဘီလီယံခန့်ကို ရယူထားပြီးဖြစ်ကြောင်း ကိုဗက်အစီအစဉ်က ပြောသည်။

## ခွင့်မပြုနိုင်

သို့သော်လည်း ကာကွယ်ဆေးရယူထားသည့် ပမာဏနှင့် ပေးပို့နိုင်သည့် ပမာဏမှာ လိုက်ဖက်ခြင်းမရှိပေ။ ကာကွယ်ဆေး ပြတ်လပ်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သက်ကြီးရွယ်အိုများနှင့် ထိခိုက်မှုများနိုင်သည့် လူများ ကာကွယ်ဆေးမထိုးရသေးမီ ချမ်းသာသည့် နိုင်ငံများ၌ လူငယ်များမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပြီဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေမျိုးဆက်လက်ဖြစ်ပွားနေမည်ကို ဆက်လက်၍ ခွင့်မပြုနိုင်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## လက်ခံနိုင်ဖွယ်မရှိ

ချမ်းသာသည့်နိုင်ငံများမှ လူများသာ ကာကွယ်ဆေးထိုးနှံရမည်ဆိုသည်မှာ လက်ခံနိုင်ဖွယ်မရှိဟု ၎င်းက ပြောသည်။ လူတိုင်းလူတိုင်း အကာအကွယ်ရယူရန် လိုအပ်ပြီး အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ် -၁၉ ကူးစက်မှု ဖြစ်ပွားနိုင်ခြေမြင့်သည့် လူများတွင် ကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်သည်၊ တစ်ကမ္ဘာလုံးကို အကာအကွယ်ပေးရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ။

အင်န်အိတ်ချ်ကေ

> “ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ယူနီဆက်ဖ်နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဦးဆောင်ပါဝင်ထားသည့် ကိုဗက်အစီအစဉ်သည် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို မျှတစွာဖြန့်ဝေနိုင်ရေးအတွက် ပြုလုပ်ထားသည့် အစီအစဉ်လည်း ဖြစ်သည်။ သို့သော်လည်း ချမ်းသာသည့် နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများကြား ကာကွယ်ဆေးရရှိမှုနှင့် ပတ်သက်၍ ကွာဟချက်ကြီးမားနေဆဲဖြစ်”

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၉**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID-19 ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မိုးဗြဲမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ လင်းခေးမြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မောက်မယ်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့ ဘော်လခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိနိုင်ငံတော် သံဃမဟာနာယက အဖွဲ့ရုံး၊ ဘုရားကျောင်းဆောင်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ကျုံပျော်မြို့၊ ရေကြည်မြို့နှင့် ငပုတောမြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးအား သတ်မှတ်နေရာ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနဆိုင်ရာ ဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၉,၉၇၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၂၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၅၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၉-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၃၆၀၆၃၉ | ၂၂၅၂၃၈၀၃ | ၅၅၂၄၇၅ |
| ၂။ | ဘရာဇီး | ၁၁၇၈၇၆၀၀ | ၁၀၃၃၉၄၃၂ | ၂၈၇၇၉၅ |
| ၃။ | အိန္ဒိယ | ၁၁၅၁၄၃၃၁ | ၁၁၀၈၃၆၇၉ | ၁၅၉၄၀၅ |
| ၄။ | ရုရှား | ၄၄၃၇၉၃၈ | ၄၀၄၉၃၇၃ | ၉၄၂၆၇ |
| ၅။ | ဗြိတိန် | ၄၂၈၀၈၈၂ | ၃၅၉၃၁၃၆ | ၁၂၅၉၂၆ |
| ၆။ | ပြင်သစ် | ၄၁၈၁၆၀၇ | ၂၇၈၂၆၃ | ၉၁၆၇၉ |
| ၇။ | အီတလီ | ၃၃၀၆၇၁၁ | ၂၆၅၅၃၄၆ | ၁၀၃၈၅၅ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၂၉၅၀၆၀၃ | ၂၇၇၀၆၃၈ | ၂၉၇၇၇ |
| ၁၀။ | ဂျာမနီ | ၂၆၂၈၆၂၉ | ၂၄၀၁၇၀၀ | ၇၄၈၇၈ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ - ၃ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၅၀၁၃၂ | ၁၂၇၈၉၆၅ | ၃၉၃၃၉ |
| ဖိလစ်ပိုင် | ၆၄၈၀၆၆ | ၅၆၁၉၀၂ | ၁၂၉၀၀ |
| မလေးရှား | ၃၃၀၀၄၂ | ၃၁၄၄၅၇ | ၁၂၂၅ |
| မြန်မာ | ၁၄၂၂၂၇ | ၁၃၁၇၅၉ | ၃၂၀၄ |
| စင်ကာပူ | ၆၀၁၆၇ | ၆၀၀၁၄ | ၃၀ |
| ထိုင်း | ၂၇၅၉၄ | ၂၆၄၅၀ | ၉၀ |
| ဗီယက်နမ် | ၂၅၇၁ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၅၇၈ | ၉၁၇ | ၂ |
| ဘရူနိုင်း | ၂၀၃ | ၁၈၆ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မတ် ၁၂ ရက်မှ ၁၈ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၅၈ ဒသမ ၀၉၀ သန်း ဖြစ်ပါသည်။ မတ် ၁၈ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၂-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၂၁၁,၀၂၅,၁၁၅.၃၉ |
| (+) ၁၂-၃-၂၀၂၁ မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၅၈,၀၉၀,၀၀၀.၀၀ |
| ၁၈-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၂၆၉,၁၁၅,၁၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၂-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၂-၃-၂၀၂၁ မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၁၈-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၂-၃-၂၀၂၁ ရက်နေ့မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ)**

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၂-၃-၂၀၂၁ ရက်နေ့မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၂-၃-၂၀၂၁ | ၂၀၀,၀၀၀ |
| ၁ | ဒေါ်မြတ်မြတ်ထွေး(ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်ထိုက်ထိုက်နွေး (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| | | |
| | ၁၅-၃-၂၀၂၁ | ၈၉၀,၀၀၀ |
| ၁ | ဦးယုရှိန်(မော်လမြိုင်မြို့) | ၈၇၀,၀၀၀ |
| ၂ | အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ။ | ၂၀,၀၀၀ |
| | | |
| | ၁၇-၃-၂၀၂၁ | ၅၇,၀၀၀,၀၀၀ |
| ၁ | ဦးကျော်သူဆွေ (UMFCCI) | ၁၀၀,၀၀၀ |
| ၂ | M.M.G ငါးတင်ငါးချ ဆိပ်ခံတံတား A MYANMAR MILLENNIUM GROUP COMPANY(UMFCCI) | ၁၀,၀၀၀,၀၀၀ |
| ၃ | မြန်မာနိုင်ငံ ပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း (UMFCCI) | ၂,၅၀၀,၀၀၀ |
| ၄ | ဦးကျော်မင်း(ဥက္ကဋ္ဌ-မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ Interact International Co.,Ltd (UMFCCI) | ၁၀၀,၀၀၀ |
| ၅ | ဦးတင်မောင်ဦး(ဒု-ဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ မဏ္ဍိုင်စက္ကူစက် (UMFCCI) | ၅၀၀,၀၀၀ |
| ၆ | ဦးသိန်းအောင်(ဒု-ဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၁၀၀,၀၀၀ |
| | Tissue World Manufacturing (UMFCCI) | |
| ၇ | ဦးလှိုင်ဝင်း(ဒု-ဥက္ကဋ္ဌ(၄)၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ ဂရိတ်စက္ကူစက် (UMFCCI) | ၅၀၀,၀၀၀ |
| ၈ | ဦးအောင်နိုင်ဦး(အတွင်းရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ မင်းလွင်စက္ကူစက် (UMFCCI) | ၃၀၀,၀၀၀ |
| ၉ | ဦးဟန်ဇော်လင်း(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၃၀၀,၀၀၀ |
| | ပန်းသဇင် Tissue စက်(UMFCCI) | |
| ၁၀ | ဦးစိုးဝင်း(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ ဒဂုံ စက္ကူစက် (UMFCCI) | ၃၀၀,၀၀၀ |
| ၁၁ | ဦးထွန်းအောင်ကျော်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၅၀၀,၀၀၀ |
| | ယုနိုက်တက်စက္ကူစက် (UMFCCI) | |
| ၁၂ | ဦးမင်းဇော်ဦး(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၃၀၀,၀၀၀ |
| | YPP စက္ကူစက်(UMFCCI) | |
| ၁၃ | ဦးမျိုးလွင်(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၅၀၀,၀၀၀ |
| | ပုံလွှားစက္ကူစက်(UMFCCI) | |
| ၁၄ | ဦးသိန်းဝင်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း) (UMFCCI) | ၁၀၀,၀၀၀ |
| ၁၅ | ဦးတင်မောင်အေး(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း) (UMFCCI) | ၁၀၀,၀၀၀ |
| ၁၆ | ဦးဉာဏ်ဝင်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၃၀၀,၀၀၀ |
| | ပန်းကမ္ဘာစက္ကူစက်(UMFCCI) | |
| ၁၇ | ဦးစိုးသိန်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၅၀၀,၀၀၀ |
| | Shwe Daing SMS Co.,Ltd (UMFCCI) | |
| ၁၈ | ဦးနိုင်ထွန်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၁၀၀,၀၀၀ |
| | တော်ဝင်(၂)စက္ကူစက်(UMFCCI) | |
| ၁၉ | ဦးမောင်မောင်(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၅၀၀,၀၀၀ |
| | စုစည်းချမ်းသာ စက္ကူစက် (UMFCCI) | |
| ၂၀ | ဦးအောင်မျိုးဝင်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၂၀၀,၀၀၀ |
| | Beauty World Co., Ltd (UMFCCI) | |
| ၂၁ | ဦးကျော်ကျော်လွင်(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၁၀၀,၀၀၀ |
| | ကျော်မင်းဟိန်း စက္ကူစက် (UMFCCI) | |
| ၂၂ | ဦးကျော်သင်းနိုင်(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၅၀၀,၀၀၀ |
| | KTK Co., Ltd (UMFCCI) | |
| ၂၃ | ဦးတင်မြင့်နီ(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၃၀၀,၀၀၀ |
| | နီလာစက္ကူစက် (UMFCCI) | |
| ၂၄ | ဦးမောင်မောင်လှ(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ ရွှေနိုင်ငံစက္ကူစက် (UMFCCI) | ၃၀၀,၀၀၀ |
| | ရွှေနိုင်ငံ စက္ကူစက် (UMFCCI) | |
| ၂၅ | ဦးတင်နွယ်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၂၀၀,၀၀၀ |
| | TMO Co., Ltd (UMFCCI) | |
| ၂၆ | ဒေါ်နုနုလွင်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၂၀၀,၀၀၀ |
| | Aung Myintta Co.,Ltd (UMFCCI) | |
| ၂၇ | ဦးရဲထွဋ်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ Kingdom Power (UMFCCI) | ၃၀,၀၀၀ |
| ၂၈ | ဦးမင်းမင်းထွန်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၁၀၀,၀၀၀ |
| | Forbes Marshall Co.,Ltd (UMFCCI) | |
| ၂၉ | ဒေါ်ခင်ဝေဝေထွန်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ A&K Tissue (UMFCCI) | ၇၀,၀၀၀ |
| ၃၀ | ဦးသန့်ဇင်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ | ၂၀၀,၀၀၀ |
| | ရွှေနိုင်ငံ အရှေ့အာရှ Public Co.,Ltd (UMFCCI) | |
| ၃၁ | ဦးခင်မောင်အေး(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအသင်း)၊ Lat War Co.,Ltd (UMFCCI) | ၁,၀၀၀,၀၀၀ |
| ၃၂ | Myanmar Intellectual Property Proprietors' Association (MIPPA) | ၃,၀၀၀,၀၀၀ |
| | (မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း(UMFCCI) | |
| ၃၃ | (ဦးချစ်လှိုင်)+ဒေါ်ခင်စိန် အမှူးထား၍ ဦးသိန်းစိုး+ဒေါ်သန်းသန်းဝင်း မိသားစု (UMFCCI) | ၁၀၀,၀၀၀ |
| ၃၄ | Myanmar Cosmetices Association(UMFCCI) | ၁၀,၀၀၀,၀၀၀ |
| ၃၅ | ဦးဝင်းနိုင်+ဒေါ်ခင်ထွေး မိသားစု၊ Shangrila-Leap Int'l Co.,Ltd | ၁,၅၀၀,၀၀၀ |
| | (Myanmar Cosmetices Association)(UMFCCI) | |
| ၃၆ | ဦးကျင်စိန် Ta-Fa Trading Co.,Ltd(Myanmar Cosmetices Association) (UMFCCI) | ၅၀၀,၀၀၀ |
| ၃၇ | စိုင်းဆိုင်မိုင်း+နန်းငင်းစန္ဒာမြတ် မိသားစု၊ Great Golden Glory Co.,Ltd | ၅,၀၀၀,၀၀၀ |
| | (Myanmar Cosmetices Association)(UMFCCI) | |
| ၃၈ | Merry Max Co.,Ltd (Myanmar Cosmetices Association)(UMFCCI) | ၅၀၀,၀၀၀ |
| ၃၉ | Beauty Treasures Ltd (Myanmar Cosmetices Association)(UMFCCI) | ၁,၀၀၀,၀၀၀ |
| ၄၀ | Shwe Myittar Home Industry (ကိုရာစနိုးနှင့် ပန်းမြတ်ချယ်ရီ သနပ်ခါး မိသားစု) | ၅၀၀,၀၀၀ |
| | (Myanmar Cosmetices Association)(UMFCCI) | |
| ၄၁ | ဦးဝင်းကြိုင်+ဒေါ်ပြုံးပြုံးမွန် မိသားစု၊ Best-149 Int'l Co.,Ltd (UMFCCI) | ၁,၀၀၀,၀၀၀ |
| ၄၂ | Gold Face Grace Co.,Ltd(UMFCCI) | ၅၀၀,၀၀၀ |
| ၄၃ | ဦးသန်းလွင် R.D.C Co.,Ltd (UMFCCI) | ၅၀၀,၀၀၀ |
| ၄၄ | ဦးဘင်သစ်(ခ)ဦးမိန်တက်+ဒေါ်သန်းသန်းမော် ညီမ-မခိုင်ဇာ သား-မောင်သော်ဦးဉာဏ်၊ | ၁၀,၀၀၀,၀၀၀ |
| | မောင်ကောင်းမင်းသန့် မိသားစု၊ Three Gold Star Manufacturing Co.,Ltd (UMFCCI) | |

*စာမျက်နှာ ၁၇ သို့*

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၁၉**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေး ချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရား ဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုး၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄) မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ၆ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ရခိုင်ပြည်နယ်၊ အမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့အပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သက်နှင်းညီနောင်ကျေးရွာ၊ သီရိရတနာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နှင့် မိုင်းယန်းမြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း အသီးသီးသွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



စာမျက်နှာ ၁၆ မှ

### COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၂-၃-၂၀၂၁ ရက်နေ့မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| ၄၅ | ဦးကိုကိုအောင်ဌေးနှင့် ဒေါ်ချမ်းမြဝင်း Sekkyar Shwe Yee (Diamond & Jewellery) **(UMFCCI)** | ၅၀၀,၀၀၀ |
| ၄၆ | Frenzo Myanmar Co.,Ltd (Myanmar Cosmetices Association) **(UMFCCI)** | ၅၀၀,၀၀၀ |
| ၄၇ | ဒေါ်သက်ထားခိုင် (Noreen) မွေးနေ့အလှူ | ၁,၀၀၀,၀၀၀ |
| ၄၈ | ဒေါ်အေးအေးကျော် AAK Business Centre (မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း) | ၁၀၀,၀၀၀ |
| | | |
| | (၁၂-၃-၂၀၂၁ ရက်နေ့မှ ၁၈-၃-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၅၈,၀၉၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မတ် ၁၉**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပျဉ်းမနားမြို့နေ ဦးသက်နိုင်ထွေးအား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**


နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများကို CDM တွင် ပါဝင်လာစေရေး ပျဉ်းမနားမြို့နေ ဦးသက်နိုင်ထွေးက သွေးထိုးလှုံ့ဆော်နေကြောင်း သတင်းအရ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက် နံနက် ၂ နာရီခွဲခန့်တွင် အမှတ် (၉၃၂) ၁၇ လမ်း ပေါင်းလောင်း ၂ ရပ်ကွက် ပျဉ်းမနားမြို့ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦးသက်နိုင်ထွေး၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများကို တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေး ရည်ရွယ်၍ ဖွဲ့စည်းထားသော CDM Supporting Team ၏ ဦးဆောင်သူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်-၉၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေ၏ စေခိုင်းမှုကြောင့် ဦးသက်နိုင်ထွေးသည် နိုင်ငံ့ဝန်ထမ်းများ CDM လုပ်ဆောင်မှုများတွင် ပါဝင်လာစေရေး ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးနိုင်ရန်အတွက် ပျဉ်းမနားမြို့နေ ဦးညီညီစံနှင့်ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးသူများထံ ချိတ်ဆက်၍ ငွေကြေးကောက်ခံမှုများ ပြုလုပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၄၅ သိန်းခန့် ကောက်ခံရရှိခဲ့ပြီး ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးသက်ထွေးထံသို့ အပ်နှံခဲ့ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ CDM Supporting Team ကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေက ဦးဆောင်၍ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးကျော်ထွေး၊ ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးသက်ထွေး၊ ပျဉ်းမနားမြို့ NLD ပါတီတွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ဦး၊ နေပြည်တော် NLD ပါတီ ခရိုင်လူငယ် တာဝန်ခံ



ဦးသက်နိုင်ထွေး




ဦးဖြိုးကျော်ထက်နှင့် ဦးမျိုးကိုဇင်မြင့်တို့ဖြင့် ဖွဲ့စည်းထားကြောင်း။

အထက်ပါ CDM Supporting Team ထံသို့ ဂျပန်နိုင်ငံရောက် မြန်မာများမှ ငွေကျပ်သိန်း ၃၀၀ ခန့်၊ ထိုင်းနိုင်ငံရောက် မြန်မာများမှငွေကျပ်သိန်း ၁၅၀ ခန့် လွှဲပြောင်းပေးပို့ခဲ့သည်ဟု သိရှိရပြီး ယင်းငွေများကို ဦးမောင်မောင်ဆွေနှင့် ဦးဝင်းနိုင်ဦးတို့က ရန်ကုန်မြို့သို့ သွားရောက်ယူဆောင်ခဲ့ကြောင်း၊ ပြည်တွင်း/ပြည်ပမှ စုစုပေါင်းကောက်ခံရရှိငွေကျပ်သိန်း ၅၀၀ ခန့်ရရှိခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်း ၇၀၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၆၀,၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၂၃ သိန်းခန့် ဖြန့်ဝေပေးခဲ့၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်စေရေး ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ CDM တွင် ပါဝင်လုပ်ဆောင်လာပြီး နေရပ်ပြန်နိုင်ရန်နှင့် ပုန်းရှောင်နိုင်ရန်အတွက် ပျဉ်းမနားမြို့နေ ဦးဇော်မင်းဦး(ခ) ဗလကြီး၊ ဒေါက်တာဝေယံထွန်း၊ ဦးဝလာနှင့် ဦးစည်သူ(ခ)ဘစည်တို့က ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ CDM ပြုလုပ်သည့်ဝန်ထမ်းများ၏ စာရင်းဇယားများပြုစုရန်နှင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်နိုင်ရန် ဇေယျာသီရိမြို့နယ်နေ ဦးခွန်ဖုန်း၊ ပျဉ်းမနားမြို့နေ ဦးသန်းထွန်းဦးနှင့် ဦးညီထွေးတို့က ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအား CDM တွင် ပါဝင်လာပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့သူ ဦးသက်နိုင်အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေ အပါအဝင် အောက်ပါအဖွဲ့ဝင် ၁၄ ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း။

( ၁ ) ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၂) ဦးကျော်ထွေး(ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
( ၃ ) ဦးသက်ထွေး(ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ)။
( ၄ ) ဦးဝင်းနိုင်ဦး(ပျဉ်းမနားမြို့၊ NLD ပါတီ တွဲဖက်အတွင်းရေးမှူး)။
( ၅ ) ဦးဖြိုးကျော်ထက်(နေပြည်တော် NLD ပါတီ၊ ခရိုင်လူငယ်တာဝန်ခံ)။
( ၆ ) ဦးမျိုးကိုဇင်မြင့်(နေပြည်တော် NLD ပါတီ၊ ခရိုင်လူငယ်တာဝန်ခံ)။
( ၇ ) ဦးညီညီစံ(ပျဉ်းမနားမြို့)။
( ၈ ) ဇော်မင်းဦး(ခ)ဗလကြီး (ပျဉ်းမနားမြို့)။
( ၉ ) ဒေါက်တာဝေယံထွန်း(ပျဉ်းမနားမြို့)။
(၁၀) ဦးဝလာ(ပျဉ်းမနားမြို့)။
(၁၁) ဦးစည်သူ(ခ)ဘစည် (ပျဉ်းမနားမြို့)။
(၁၂) ဦးခွန်ဖုန်း(ဇေယျာသီရိမြို့နယ်)။
(၁၃) ဦးသန်းထွန်းဦး (ပျဉ်းမနားမြို့)။
(၁၄) ဦးညီထွေး (ပျဉ်းမနားမြို့)။

သို့ဖြစ်ပါ၍ အထက်ပါ ဆက်စပ်တရားခံ ၁၄ ဦးကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ရန်၊ တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာ၌ ရွာသူရွာသားများနှင့် လာရောက်ဆူပူအကြမ်းဖက်သူတစ်စု ခိုက်ရန်ဖြစ်ပွား

**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာသို့ ဆူပူအကြမ်းဖက်လူတစ်စုက တုတ်၊ ဓားများ ကိုင်ဆောင်ပြီး ဆိုင်ကယ် ၅ စီးဖြင့် ရောက်ရှိလာကာ ကျေးရွာအတွင်း လှည့်လည် အော်ဟစ်ဆဲဆိုရာမှ ရွာသူရွာသားများနှင့်ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တည်ငြိမ်ဦး အသက် ၂၀ နှစ်၊ ကြာအင်းအနောက်ကျေးရွာနေသူအပါအဝင် အမျိုးသား ၉ ဦးသည် တုတ်၊ ဓားများ ကိုင်ဆောင်၍ ဆိုင်ကယ် ၅ စီးဖြင့် ကြာအင်းအရှေ့ကျေးရွာသို့ မတ် ၁၈ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိလာပြီး ကျေးရွာအတွင်း လှည့်လည်အော်ဟစ်ဆဲဆိုခဲ့ကြောင်း၊ ထိုသို့ အော်ဟစ်ဆဲဆိုသဖြင့် ကျေးရွာမှ ဦးမင်းအောင် (ဘ)ဦးမြအေး၊ အသက် ၅၀ နှစ်မှ ဆူပူအော်ဟစ်ဆဲဆိုခြင်းမပြုလုပ်ရန် တားမြစ်ခဲ့ရာ ၎င်းအား တည်ငြိမ်ဦးအပါအဝင် အကြမ်းဖက်လူတစ်စုက တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက်ထိုးနှက်ခဲ့သည့်အတွက် ဦးမင်းအောင်တွင် ဓားဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း။

### လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်

ထိုသို့ ထိုးနှက်ခံရမှုအပေါ် ကျေးရွာသား ၁၅၀ ခန့်က မကျေနပ်သဖြင့် လိုက်လံဖမ်းဆီး ဝိုင်းဝန်းရိုက်နှက်ခုတ်သတ်ခဲ့ရာ တည်ငြိမ်ဦးပါဝင်သည့် အကြမ်းဖက်လူတစ်စုအဖွဲ့မှ ၈ ဦးမှာ နေရာ၌ပင် သေဆုံးသွားခဲ့ပြီး စိုးထိုက်(ဘ) ဦးသိန်းထွန်းမှာ စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်း၊ အဆိုပါ သေဆုံးသူ ၈ ဦးကို ဖောင်ကြီးတိုက်နယ် ဆေးရုံသို့ ပို့ဆောင်၍ သေမှုသေခင်းဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းနှင့် ဒဏ်ရာရရှိသူကို လှည်းကူးပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။

### အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလာ

မသမာသူ လူအချို့အနေဖြင့် နိုင်ငံရေးကို အသုံးချပြီး ရိုးသားအေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူများအား သွေးခွဲရန်တိုက်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် အချင်းချင်း စိတ်ဝမ်းကွဲကာ ဆူပူအကြမ်းဖက်မှုများ၊ အုပ်စုဖွဲ့ ခိုက်ရန်ဖြစ်ပွားမှုများမှတစ်ဆင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလာသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် မသမာသူလူတစ်စု၏ သွေးထိုး လှုံ့ဆော်မှုများအား နားမယောင်မိစေဘဲ သတိပြုမှုနိုင်ကြပါရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၉**

ကမ္ဘာ့ဘဏ် (World Bank) နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ကဏ္ဍအလိုက် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ချေးငွေနှင့် အထောက်အပံ့ စီမံကိန်းများ၏ လက်ရှိ ဆောင်ရွက်နေမှုနှင့် တိုးတက်မှု အခြေအနေတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် World Bank ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ဆဲ ချေးငွေ စီမံကိန်းများနှင့် အထောက်အပံ့ စီမံကိန်းများ၏ လက်ရှိ စီမံကိန်းဆောင်ရွက်မှုအခြေအနေများ၊ ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အသီးသီး တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးမည့် ကိစ္စရပ်များနှင့် စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့မှ စီမံကိန်းတာဝန်ခံ အရာရှိများ တက်ရောက်ကြသည်။

သတင်းစဉ်

## တောင်ပေါ်ကျေးရွာအရောက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**ဆီဆိုင် မတ် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မတ် ၁၈ ရက်က နားသံကျေးရွာအုပ်စု ပချားကလိုကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ကွင်းဆင်း ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်ကြီး ယဉ်မောင်သန့် ဦးစီးသည့် အဖွဲ့ဝင်များက နားသံကျေးရွာအုပ်စုအတွင်းရှိ ဒေသခံ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်တို့က သွားရောက် ကြည့်ရှုအားပေးကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၃ - ၂၀၂၁

ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၁ | ၇၆၄၄၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လမ်းပိတ်အတားအဆီးများကို ရှင်းလင်းနေမှု ကွင်းဆင်းကြည့်ရှု




**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီက စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ် ဗဟိုလမ်းပေါ်တွင် နှောင့်ယှက်လိုသူများက ပိတ်ဆို့ထားသော အတားအဆီးများ ဖယ်ရှားရှင်းလင်းနေမှုကို မြေပြင်ကွင်းဆင်း၍ ကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းဖယ်ရှားရာတွင် ပိတ်ဆို့ထားသော သဲအိတ်များ၊ အုတ်ခဲကျိုးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အတူတကွ ပူးပေါင်းကာ စက်ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြု၍ ရှင်းလင်းဖယ်ရှားပေးခဲ့သည်။

အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ပြည်ထောင်စုလမ်း၊ မောင်းမကန်ကမ်းသာယာလမ်း၊ ပင်လုံလမ်း၊ မြိတ်လမ်း၊ ရောဝဏ်လမ်း၊ မင်းရဲကောင်းပုံလမ်း၊ လှော်ကားလမ်း၊ ကျန်စစ်သားလမ်း၊ စည်ပင်လမ်းတို့ရှိ ပိတ်ဆို့ထားသော အတားအဆီးများ ရှင်းလင်းရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယနေ့တွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၊ ယမုံနာ (၁) ရပ်ကွက်၊ သဘော်ကျင်းရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် ပေ ၈၀ လမ်းမပေါ်ရှိ ပိတ်ဆို့ထားသော အတားအဆီးများကို သိမ်းဆည်းခြင်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းရှိ အတားအဆီးများကို သိမ်းဆည်းခြင်း၊ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း (သမိုင်းလမ်းဆုံမှ ဘုရင့်နောင်လမ်း ခုံးကျော်တံတား) အထိ အတားအဆီးများကို သိမ်းဆည်းခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း (သိမ်ဖြူလမ်းနှင့် အထက်ပန်းဆိုးတန်းလမ်း) ကြား၊ သိမ်ဖြူလမ်း (မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြား) အတားအဆီးများကို Loader ယာဉ်တစ်စီး၊ မော်တော်ယာဉ်ငါးစီးတို့ဖြင့် သယ်ယူခြင်း၊ သာကေတမြို့နယ် ရှုခင်းသာလမ်း (သာကေတအဝိုင်းမှ ကမာကြည်တံတားအလယ်)အထိ အတားအဆီး ၁၀ ခုကို မြေသယ်ယာဉ်သုံးစီး၊ Backhole တစ်စီး၊ မော်တော်ယာဉ် ခြောက်စီးတို့ဖြင့် သိမ်းဆည်းခြင်း၊ ဗဟန်းမြို့နယ် အနောက် မျဉ်းပြိုင်ကွင်းလမ်း၊ ရေတာရှည် လမ်းဟောင်းနှင့် လမ်းသစ်တို့တွင် တားဆီးထားသော အတားအဆီးများကို မော်တော်ယာဉ် ခြောက်စီးဖြင့် သိမ်းဆည်းခြင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း၊ မင်းကြီးလမ်းရှိ အတားအဆီး ၂၁ ခုတို့ကို သိမ်းဆည်းခြင်း စသည်ဖြင့် ပိတ်ဆို့ထားသော အတားအဆီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ လမ်းအသုံးပြုသူပြည်သူများအနေဖြင့် ကျေနပ်ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**




## ရှမ်းပြည်နယ်မြောက်ပိုင်း သမဝါယမအသင်းစုချုပ်က ဒေသထွက် ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သမဝါယမအသင်းစုချုပ်က လားရှိုးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ရေထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်တွင် လားရှိုး၊ ကွတ်ခိုင်၊ တန့်ယန်း၊ နမ္မတူ မြို့နယ်များရှိ သမဝါယမဦးစီးဌာနများသို့ ငါးကြင်းဖြူ ၂၅၃ ပိဿာ၊ ငါးကြင်းနီ ၅၁၂ ပိဿာ၊ ငါးသလောက် ၄ ပိဿာ၊ ငါးခုံးမ ၈ ပိဿာ၊ တိလားဗီးယား ၂၈ ပိဿာ၊ ငါးသေတ္တာ ၃ ပိဿာနှင့် ပုစွန် ၁၁၄ ဒသမ ၃ ပိဿာ စုစုပေါင်း ငါး၊ ပုစွန်ပိဿာချိန် ၉၂၂ ဒသမ ၃ ပိဿာကို သမဝါယမလမ်းကြောင်းမှတစ်ဆင့် No Profit, No Loss မူအတိုင်း ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာရှိ ရွှေပြည်ရဲကင်းစခန်းကို ဆူပူအကြမ်းဖက်သူလူတစ်စုက မီးပုလင်းဖြင့် လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာရှိ ရွှေပြည်ရဲကင်းစခန်းရှေ့သို့ ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ သုံးဦးမှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး အော်ဟစ်ဆဲဆိုခြင်း၊ ရဲကင်းအတွင်းသို့ ခါတ်ဆီပုလင်းကို မီးရှို့ကာ ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် စခန်းအတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

ထိုသို့ ခြောက်လှန့်ပစ်ခတ်ခဲ့မှုကြောင့် ဆူပူအကြမ်းဖက်သူများ ထွက်ပြေးသွားပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာ အနီးတစ်ဝိုက်တွင် အရိုး ၇ လက်မ၊ အသွား ၂၂ လက်မခန့်ရှိ ဓား ၁ ချောင်း၊ အရိုး ၆ လက်မ၊ အသွား ၁၄ လက်မခန့်ရှိ ဓား ၁ ချောင်းနှင့် အဝတ်စဖြင့် မီးစာပြုလုပ်ထားသည့် ခါတ်ဆီပုလင်း ၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ စဉ့်ကူးမြို့နယ် ကျွန်းစည်ကျေးရွာနေ ရဲဝင်းအောင်(ဘ)ဦးမြလေး၊ အကြီးလေး(ဘ)ဦးရွှင်၊ နောက်ပစ်(ဘ)ဦးလှစိန်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ သုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုံရွာမြို့အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲတက်ရောက်




**မုံရွာ မတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီနှင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းပြီး မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်း ၁၀ မျိုး လှူဒါန်းပွဲသို့ တက်ရောက်သည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တွင် ရပ်ကွက်နှင့် ကျေးရွာများမှ တက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူများ များပြားလျက်ရှိသည်ကို တွေ့ရသဖြင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းနိုင်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆိုပါဆေးရုံတွင် တက်ရောက်ကုသနေသူများ အားလုံး၏ ရောဂါဝေဒနာများစွာကို အချိန်ပြည့် တာဝန်ယူကုသဆောင်ရွက်ပေးနေသော တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ကြောင်း ပြောကြားပြီး အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်း ၁၀ မျိုးကို ပေးအပ်ရာ အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်-၃၀၀ တပ်မှူး ဗိုလ်မှူးကြီး မင်းစိုးဦးက လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပေါက်မြို့နယ် ယောချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ တစ်ရက်လျှင် ပိဿာငါးသောင်းခန့်ဝင်ရောက်လာ

**ပခုက္ကူ မတ် ၁၉**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယောချောင်းထွက် အာလူးများ ပခုက္ကူဈေးကွက်သို့ နေ့စဉ် ပိဿာငါးသောင်းခန့် ဝင်ရောက်လာကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုထံမှ သိရသည်။

ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းတစ်လျှောက် စိုက်ပျိုးသည့် အာလူးများ လှိုင်လှိုင် ပေါ်ချိန် ပခုက္ကူဈေးကွက်သို့ တစ်နေ့လျှင် ပိဿာငါးသောင်း ခန့်ဝင်ရောက်လျက်ရှိကာ ဈေးနှုန်း တစ်ပိဿာငွေကျပ် ၉၀၀ ရောင်းချရကြောင်း ပေါက်မြို့နယ်မှ အာလူးစိုက်တောင်သူ ဦးစိုးလှိုင်က ပြောသည်။

အာလူး စိုက်ပျိုးချိန်တွင် အထွက်နှုန်းကောင်းရန် ကိုင်းကျွန်းမြေထွန်ရေး ညက်စွာထွန်ပြီး သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတွင် စိုက်ပျိုးကြသည်။ အပင်ဖြစ်ထွန်းချိန် ဥဥနှုန်း ကောင်းရန်နှင့် ဥကြီးရန်အတွက် ရွက်ဖျန်းဆေး စနစ်တကျ ပက်ဖျန်းပေးရကြောင်း၊ ရေသွင်း စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးပြီး အာလူးစိုက် တောင်သူအများစု အာလူးအထွက်နှုန်းအဆင်ပြေကြပြီး ဈေးနှုန်းမှာ တောင်သူများ မျှော်လင့်သည့် ဈေးနှုန်းရရှိခြင်းကြောင့် တောင်သူများ အဆင်ပြေကြောင်း ၎င်းက ရှင်းပြသည်။



ပခုက္ကူဈေးကွက်တွင် အာလူးအချိန် မြောက်မြားစွာ စတင်ဝင်လျက်ရှိပြီး တစ်ပိဿာ ငွေကျပ် ၉၀၀ ရောင်းချရကြောင်း ယမန်နှစ်က အာလူးပေါ်ချိန်တွင် တစ်ပိဿာလျှင်ငွေကျပ် ၆၀၀သာ ရောင်းချရကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# အကြိမ်(၂၀)မြောက် မြို့နယ်သာသနပါလကစာမေးပွဲကျင်းပပြီးစီး

**ဟသ်ာတ မတ် ၁၉**
ဟသ်ာတမြို့နယ်၌ မြို့နယ်သံဃ နာယကဆရာတော်ကြီးများ ကြီးမှူးပြီး ကျင်းပသည့် အကြိမ်(၂၀) မြောက် မြို့နယ်သာသနပါလကစာမေးပွဲကို မိုးကောင်းကျောင်းတိုက်ကြီးအတွင်းရှိ အောင်ပြည့်ဖြိုးဦးဓမ္မာရုံ၌ ကျင်းပလျက်ရှိရာ ယမန်နေ့က ကျင်းပပြီးကြောင်း သိရသည်။

အဆိုပါ စာမေးပွဲများတွင် ပထမငယ်တန်း အပါး ၇၀၊ အခြေပြုမူကြိုတန်း ၂၀၉ ပါး၊ အခြေပြု မူလတန်း ၁၁၂ ပါး၊ လူပုဂ္ဂိုလ်တစ် ဦး စုစုပေါင်း ၃၉၂ ပါး ဖြေဆိုကြောင်းသိရပြီး ယင်းစာမေးပွဲကို မတ် ၁၃ ရက်ကစတင် ကျင်းပကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကံမမြို့ အမှတ်(၂)ရပ်ကွက် ဘောလုံးကွင်းပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုပြီးစီး

**ကံမ မတ် ၁၉**
မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၂)ရပ်ကွက် ဘောလုံးကွင်း ပတ်လမ်းကို မြေသားလမ်းအဖြစ်မှ ကွန်ကရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆင့်မြှင့်တင် ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၉၉ သိန်းဖြင့် လမ်းအကျယ် ၁၂ ပေ၊ အရှည်ပေ ၄၅၀ နှင့် အနက်ထုရှစ်လက်မကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကမြေသားလမ်းဖြစ်သဖြင့် မိုးရာသီကာလ၌ လမ်းသွားလမ်းလာများအခက်အခဲများရှိခဲ့သော်လည်း ယခုအခါရာသီမရွေးလွယ်ကူချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်း သူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော် အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်း**
**ကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**မိတ္ထီလာ မတ် ၁၉**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေ လိုအပ်လျက်ရှိသော ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများကို မတ် ၁၆ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာများကို သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာပါက သောက်သုံးရေများကို မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိရာမှ အင်းပလက်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ မီးသတ် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက် လှူဒါန်းပေးသည့်အပြင် ဆူးဖြူကွက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ သောက်သုံးရေ အဆင်ပြေစေရန် ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက် လှူဒါန်းပေးသည်။

ထို့အပြင် အရာတော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် သစ္စာပြုတောင် ဘုန်းတော်ကြီးကျောင်းများသို့ မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၃၂၀၀ ကို သွားရောက်လှူဒါန်းပေးကြောင်း ခရိုင်မီးသတ်ဦးစီးမှူးထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူငယ်နှင့် မြန်မာ့နိုင်ငံရေးခရီး

••••••• စာချစ်သူ •••••••

ဖိုင်ဘာဦးထုပ်လေးများ၊ ဂျင်းဘောင်းဘီရှည်နှင့် လမ်းလျှောက်ရှူးဖိနပ်၊ ဂျာကင်အင်္ကျီနှင့် အတွင်းက နိုင်ငံရေးသင်္ကေတနိမိတ်ပုံရိပ်များ ပါဝင်သော တီရှပ်အင်္ကျီကိုယ်စီဖြင့် ဆယ်ကျော်သက်အရွယ်မှ နှစ်ဆယ်ကျော်အရွယ် လူငယ်လေးများ၊ အရောင်အသွေးစုံလင်သော်လည်း သူတို့၏ နုငယ်သော မျက်နှာလေးတွေပေါ်မှာတော့ ပီတိရိုးသားဖြူစင်သောပုံရိပ်တို့ကား အားလုံးကိုယ်စီနီးပါး တူညီကြသည်။ ကွဲပြားခြားနားမှုမရှိ။

လွန်ခဲ့သော လပိုင်းမှာတော့ သူတို့သည် လက်ဖက်ရည်ဆိုင်၊ ကော်ဖီဘား၊ စားသောက်ဆိုင်တို့တွင် အုပ်စုလိုက် ဂိမ်းကစားလေ့ရှိကြသည်။ ဘေးဘီဝဲယာပတ်ဝန်းကျင်ကို သူတို့မသိ၊ သူတို့မျက်လုံးများက ဂိမ်းကစားပွဲတစ်ခုတည်းဆီမှသာ ဇောက်မူ့စိတ်ရှိနေကြသည်။ ရံဖန်ရံခါ အားမလို အားမရ အသံများဖြင့် ညည်းတွားသံများသာ သူတို့ဆီမှ ကြားရ၏။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှ သူတို့ထဲမှ အချို့သည် လက်တွေ့ဘဝ ပါဝါဂိမ်းကစားပွဲတစ်ခု အတွင်းသို့ ဝင်ရောက်လာသည်။ သူတို့ မျိုးဆက်ကို G Z ဟု သူတို့က တင်စားခေါ်ဝေါ်ကြ၏။ သူတို့ ပါဝင်ကစားကြသော ပါဝါဂိမ်းကစားပွဲကို ''နွေဦး တော်လှန်ရေး'' ဟု ခေါင်းစဉ်ပေးကြသည်။

**တော်လှန်ရေးဟူသည့်**
**တစ်ကြောင်းတည်းသောလမ်း**

''တော်လှန်ရေး'' တော်လှန်ရေးဟူသည့် စကားလုံးက သူတို့ကို ညှို့ယူဖမ်းစားနေလေသည်။ ဤသည်မှာလည်း ယခုမှမဟုတ်။ မြန်မာ့နိုင်ငံရေး ခရီးလမ်းတွင် ထိုတော်လှန်ရေးဟူသော စကားရပ်သည် ခေတ်ပြိုင်လူငယ်တို့ကြားတွင် အစဉ်အဆက် ရေပန်းစားလေ့ရှိသည်။ ကျွန်တော်တို့ လူငယ်ဘဝကလည်း ရင်ခုန်စေခဲ့သည်။ ယခုသူတို့က G X မျိုးဆက်ဟုဆိုသော ခေတ်ဟောင်းအဘိုးကြီး အရွယ်တွင်မူ ထိုစကားရပ်သည် မြန်မာ့နိုင်ငံရေး ခရီး၏ တစ်ကြောင်းတည်းသော၊ တစ်ခုတည်းသော ရွေးချယ်စရာ လမ်းမဟုတ်။ သို့တစေ နိုင်ငံရေးစားဖားကြီးများကမူ ခေတ်အဆက်ဆက်မှသည် ယခုတိုင် ထိုစကားရပ်ကို လက်ကိုင်ထားနေကြဆဲ။ မျိုးဆက်အဆက်ဆက်ကိုလည်း တော်လှန်ရေးဟူသည့် တစ်ကြောင်းတည်းသော လမ်းကိုသာ ချပြနေကြဆဲ၊ ဖောက်လုပ်ပေးနေဆဲ။ အခြား ရွေးချယ်စရာ လမ်းများစွာကို မမြင်နိုင်အောင် ဖုံးကာပိတ်ဆို့ထားကြဆဲ။

**မလွဲမသွေ ဖြတ်သန်းရမည်**

ကျွန်တော့်အဖို့မူ နိုင်ငံရေးနိုးကြားသူ၊ စိတ်ပါဝင်စားသူ မျိုးဆက်သစ်လူငယ်များကို အကြံပြုလိုသည်က ဒီမိုကရေစီစနစ်ကို အမှန်တကယ် ချစ်မြတ်နိုးပါလျှင် အချိန်တန်အရွယ်ရောက် ပညာပြည့်ဝလာသည့်အခါတွင် လွှတ်တော်နိုင်ငံရေး လမ်းကြောင်းကိုလည်း မမေ့စေလိုချင်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲလမ်းကို ရှောင်လွှဲ၍မရ၊ မလွဲမသွေ ဖြတ်သန်းရမည်သာ ဖြစ်သည်။

သို့အတွက် ဒီမိုကရေစီ၏ သဘောသဘာဝ၊ ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီကျင့်စဉ်၊ ရွေးကောက်ပွဲများ၏ သဘောသဘာဝ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့

**"အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "အမေရိကန်သမ္မတမှာ အနည်းဆုံး အသက် (၃၅) နှစ် ရှိရမည်။ အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားသူဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် အနည်းဆုံး ၁၄ နှစ်ကြာမျှ နေထိုင်လာသူဖြစ်ရမည်" ဟု သတ်မှတ်ထားရာ ထိုသတ်မှတ်ချက်နှင့် အကျုံးဝင်ပြီး နိုင်ငံရေးကို စိတ်ပါဝင်စားသူ၊ ရည်မှန်းချက်ကြီးမားသူ အမေရိကန်လူငယ်လူရွယ်များသည် နိုင်ငံရေးလောကထဲ ဝင်ရောက်အခြေချရန် ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်လေ့ရှိကြသည်"**

နိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များ၊ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘာသာရပ်များကို စနစ်တကျ ဘက်စုံလေ့လာသင်ယူပြီးမှ နိုင်ငံတော်က အားထားရသည့် တိုင်းကျိုးပြည်ပြု နိုင်ငံရေးသမားကောင်း ဘဝကို ရွေးချယ်ဖြတ်သန်းစေလိုပါသည်။

ဤသည်မှာ ဒီမိုကရေစီစနစ် ရင့်ကျက်သော နိုင်ငံကြီးများမှ တက်သစ်စ လူငယ်လူရွယ်တို့၏ ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားဘဝကို ဦးတည်လျှောက်လှမ်းကြသော လမ်းကြောင်းတစ်ခုဟု ဆိုရပါမည်။

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ''အမေရိကန်သမ္မတမှာ အနည်းဆုံး အသက် (၃၅) နှစ် ရှိရမည်။ အမေရိကန် ပြည်ထောင်စုတွင် မွေးဖွားသူဖြစ်ပြီး အမေရိကန် ပြည်ထောင်စုတွင် အနည်းဆုံး ၁၄ နှစ်ကြာမျှ နေထိုင်လာသူဖြစ်ရမည်'' ဟု သတ်မှတ်ထားရာ ထိုသတ်မှတ်ချက်နှင့် အကျုံးဝင်ပြီး နိုင်ငံရေးကို စိတ်ပါဝင်စားသူ၊ ရည်မှန်းချက်ကြီးမားသူ အမေရိကန်လူငယ်လူရွယ်များသည် နိုင်ငံရေး လောကထဲ ဝင်ရောက်အခြေချရန် ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်လေ့ရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့်မှာပင် "နောင်တစ်ခေတ်၏သမ္မတ" အဖြစ်ကျောင်းသားထုများကြားတွင် ရွေးချယ်ပွဲများ ကျင်းပလေ့ရှိပြီး ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ကို အခြေချပေးတတ်၏။ အနာဂတ်တွင် တကယ့်သမ္မတတစ်ဦး ဖြစ်ခြင်း၊ မဖြစ်ခြင်းက မသေချာသော်လည်း များသောအားဖြင့် ကျောင်းတွင်းစကားရည်လုပွဲ ဒိဘိတ်များတွင် နာမည်ကျော်သူများသည် အနာဂတ် သမ္မတလောင်းအဖြစ် ရွေးချယ်ခံရခြင်းက များလေသည်။

မူလတန်းအဆင့် ကလေးငယ်အချို့ကမူ အမေရိကန်ပြည်ထောင်စု၏ အထွတ်ထိပ်ခေါင် သမ္မတကြီးထံ သူတို့၏ စိတ်ကူးစိတ်သန်းများကို ပေးစာအဖြစ် ရေးသားပေးပို့တတ်ကြသည်။

အမေရိကန်သမ္မတများထဲတွင် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ထူးထူးခြားခြား ဥပဓိအသွင်ဆောင်သော သမ္မတတစ်ဦးရှိခဲ့သည်။ သူကား သမ္မတကြီး အေဗရာဟင်လင်ကွန်းဖြစ်သည်။ သမ္မတလင်ကွန်း ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများ ထူးထူးခြားခြား ထားရှိခဲ့ခြင်းအကြောင်းကား ခုနစ်နှစ်သမီး ကလေးတစ်ဦးက စာလှမ်းရေး၍ ဖြစ်သည်ဟူ၏။ သမ္မတရွေးကောက်ပွဲတွင် လင်ကွန်းမဲဆွယ်တရားဟောထွက်သော ဓာတ်ပုံကို အဆိုပါကလေးက သတင်းစာတွင် ကြည့်ရှုကာ ကလေးတို့ဘာဝ စိတ်ကူးပေါက်ရာ စာလှမ်းရေးခဲ့သည်။

"မစ္စတာ လင်ကွန်းရှင့်...... လူကြီးမင်းဟာ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးနဲ့သာဆိုရင် သိပ်ကြည့်ကောင်းမှာပဲ"ဟူ၍ အကြံပြုရေးသားခဲ့၏။ လင်ကွန်းကလည်း ထိုအကြံပြုချက်ကို သဘောကျသွားပြီး ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများကို တယုတယ ထားရှိခဲ့ရာ ထိုကလေးငယ်၏ အကြံပေးချက်အတိုင်း အမှန်တကယ် တည်ကြည်ခံ့ညားသော ဥပဓိရုပ် ထွက်ပေါ်လာ၏။ အမေရိကန်သမ္မတ အစဉ်အဆက်တွင်လည်း ထူးခြားသောမူပိုင်ဖက်ရှင်နှင့် သမ္မတတစ်ဦးဖြစ်လာ၏။

ဤသည်မှာ အမေရိကန်ကျောင်းသားလူငယ် ကလေးသူငယ်တို့၏ နိုင်ငံရေးနိုးကြားတက်ကြွမှုနှင့် ဒီမိုကရေစီယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာဝိသေသများဟု ဆိုရပါမည်။ လက်တွေ့နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ရန် သတ်မှတ်အရွယ်သို့ ရောက်လာခဲ့လျှင်မူ တက်သစ်စအမေရိကန်လူငယ် နိုင်ငံရေးသမားအများစုသည် အမေရိကန် ကွန်ဂရက်အောက်လွှတ်တော်အမတ်၊ ထိုမှဆီးနိတ် အထက်လွှတ်တော်အမတ်၊ ယင်းမှ ပါတီတွင်း သမ္မတလောင်းအကြိုရွေးကောက်ပွဲ၊ ၎င်းမှ အမေရိကန်သမ္မတ ရွေးကောက်ပွဲအဆင့်ထိကို အရည်အချင်းရှိလျှင်ရှိသလို၊ ပြည်သူများ၏ ထောက်ခံမှုရှိလျှင်ရှိသလို အဆင့်ဆင့်ကျော်ဖြတ်တက်လှမ်းကြရ၏။

အချို့ကလည်း ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အောက်လွှတ်တော်အမတ်၊ ဆီးနိတ်အထက်လွှတ်တော်အမတ်၊ ဝန်ကြီး၊ ဒုတိယသမ္မတတို့အဖြစ်သာ တစ်သက်တာလုံး အရိုးထုတ်ကျောက်ချသွားခဲ့ကြရလေ၏။

ထူးထူးခြားခြား ငယ်ငယ်ရွယ်ရွယ်နှင့် သမ္မတအဖြစ်တက်လှမ်းနိုင်ခဲ့သူ လူငယ်နိုင်ငံရေးသမားများလည်းရှိပါ၏။ ထိုသူများထဲတွင် အမေရိကန်ပြည်ထောင်စု၏ ၃၅ ဦးမြောက်သမ္မတ ဂျွန်အက်ဖ် ကနေဒီနှင့် ၄၄ ဦးမြောက်သမ္မတ ဘာရက်အိုဘားမားတို့က ထင်ရှား၏။

သမ္မတကနေဒီသည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော ကက်သလစ်ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ရုံမက ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတအဖြစ် သူကျမ်းသစ္စာကျိန်ဆိုတော့ သူ့အသက်က (၄၃)နှစ်မျှသာ။

ထို့အတူ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော အာဖရိကန် အမေရိကန် သမ္မတတစ်ဦးဖြစ်သူ ဘာရက်အိုဘားမားသည်လည်း ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်တွင် သူ့အသက်က (၄၇)နှစ်သာ ရှိသေး၏။

သူတို့၏ တက်သစ်စလူငယ်နိုင်ငံရေးသမားဘဝ လျှောက်လှမ်းခဲ့မှုတို့ကလည်း တူညီကြသည်။ နှစ်ဦးစလုံး နာမည်ကျော် ဟားဗတ်တက္ကသိုလ်ထွက် ဘွဲ့ရလူငယ်များဖြစ်ကြသည်။ ကနေဒီက ဒုတိယကမ္ဘာစစ်ကာလတွင် ရေတပ်၌ ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ အောက်လွှတ်တော်အမတ်၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဆီးနိတ်အထက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရစဉ်က သူ့အသက်မှာ ၂၉ နှစ်မျှသာရှိသေး၏။

ဘာရက်အိုဘားမား၏ နိုင်ငံရေးသမားဘဝ အစမှာမူ ၁၉၉၇ ခုနှစ်က ကျင်းပခဲ့သော အီလီနွိုက်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းက အစပြုသည်။

၂၀၀၀ ပြည့်နှစ်က ကျင်းပခဲ့သော အီလီနွိုက်ပြည်နယ်၏ အမေရိကန်အောက်လွှတ်တော်အမတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ၌ အရေးနိမ့်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သော အမေရိကန် ဆီးနိတ်အထက်လွှတ်တော်အမတ်ရွေးကောက်ပွဲတွင်မူ အနိုင်ရရှိခဲ့၏။ ၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ဘက်ရီပတ်ဘလီကန် သမ္မတလောင်း ဂျွန်မက်ကိန်းကို အပြတ်အသတ်အနိုင်ရရှိကာ အမေရိကန်ပြည်ထောင်စု၏ ၄၄ ဦးမြောက်သမ္မတ ဖြစ်လာခဲ့၏။

ဖော်ပြပါ တက်သစ်စ အမေရိကန်လူငယ်နိုင်ငံရေးသမားများ အဆင့်ဆင့်လျှောက်လှမ်းခဲ့ရသော နိုင်ငံရေးဖြတ်သန်းမှုစနစ်သို့နှယ် တိုင်းချစ်ပြည်ချစ်စိတ်အပြည့်ဖြင့် နိုင်ငံရေးကို စိတ်ပါဝင်စားသူ၊ နိုင်ငံရေးစိတ်ဓာတ် နိုးကြားတက်ကြွသူ မြန်မာလူငယ်မောင်မယ်များကိုလည်း ဒီမိုကရေစီစနစ်၏ သဘောသဘာဝနှင့်အညီ မြန်မာ့နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ဖြတ်သန်းစေချင်ပါသည်။ သို့မို့ကြောင့် ယခုဆောင်းပါးစာစုကို မေတ္တာစေတနာအပြည့်ဖြင့် ရေးပါ၏။

မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းသာယာဝပြောရေးလမ်းစဉ်အတွက် တော်လှန်ရေးဟူသည် တစ်ခုတည်းသော၊ တစ်ကြောင်းတည်းသော လမ်းကြောင်းမဟုတ်ပါ။ မြန်မာလူငယ်မောင်မယ်များအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ထွက်ခဲ့ပြီးဖြစ်သော ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလမ်းကြောင်းအပါအဝင် ကျရာကဏ္ဍမှ ပခုံးပြောင်းတာဝန်ထမ်းဆောင်နိုင်မည့် ရွေးချယ်စရာလမ်းကြောင်းများစွာ ရှိပါသေး၏။

**မေတ္တာစေတနာဖြင့်**

နိုင်ငံရေးဆိုသည့် ပညာရပ်ကား တော်လှန်ရေး သီအိုရီတစ်ခုတည်း မဟုတ်ပါ။ နိုင်ငံရေးဟူသည်ကား နိုင်ငံကိုကောင်းအောင် ဖြစ်နိုင်ခြေရှိသည်များကို ဆောင်ရွက်ခြင်းပညာရပ်ဖြစ်ရာ နိုင်ငံကိုချစ်သော မြန်မာလူငယ်မောင်မယ်များအဖို့ ကျယ်ပြန့်သောအမြင်တို့ဖြင့် ပိုမိုတွက်ချက်စဉ်းစားနိုင်ကြစေရန် မေတ္တာစေတနာဖြင့် အကြံပြုရေးသားလိုက်ရပါ၏။ ။

**"နိုင်ငံရေးဆိုသည့် ပညာရပ်ကား တော်လှန်ရေး သီအိုရီတစ်ခုတည်း မဟုတ်ပါ။ နိုင်ငံရေးဟူသည်ကား နိုင်ငံကို ကောင်းအောင် ဖြစ်နိုင်ခြေရှိသည်များကို ဆောင်ရွက်ခြင်းပညာရပ်ဖြစ်ရာ နိုင်ငံကို ချစ်သော မြန်မာလူငယ်မောင်မယ်များအဖို့ ကျယ်ပြန့်သောအမြင်တို့ဖြင့် ပိုမို တွက်ချက် စဉ်းစားနိုင်ကြစေရန် မေတ္တာစေတနာဖြင့် အကြံပြု ရေးသားလိုက်ရပါ၏"**

# CDM ဦးဆောင်လှုပ်ရှားမှု၌ပါဝင်ခဲ့သော ရွှေဝါရောင်သံဃာ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် အားပေးကူညီခဲ့သူ ဦးတင်မိုးတို့ကို ဖမ်းဆီးစစ်ဆေး

**နေပြည်တော် မတ် ၁၉**

၂၀၀၇ ခုနှစ် သံဃာအရေးအခင်းတွင် ပါဝင်လှုပ်ရှားခဲ့မှုဖြင့် အကျဉ်းကျခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာချိန်မှစ၍ ရွှေဝါရောင်သံဃာကွန်ရက်(ရန်ကုန်)တွင် ဦးဆောင်သံဃာတစ်ပါးအဖြစ် ပါဝင်လှုပ်ရှားလျက်ရှိသော ဦးစန္ဒာသီရိ (ခ) ဦးဇင်းပုရစ်နှင့် အစ္စလာမ်ဘာသာဝင် ဦးတင်မိုးတို့သည် ရွှေဝါရောင်သံဃာကွန်ရက်(မန္တလေး)၊ (၈၈) မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦးတို့နှင့် ချိတ်ဆက်ကာ CDM လှုပ်ရှားမှုများတွင်သံဃာတော်များပါဝင်လာစေရန် ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ စည်းရုံးလှုံ့ဆော်လာခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် ဦးတင်မိုးတို့၏လှုပ်ရှားမှုကို စောင့်ကြည့်စဉ်ကာလအတွင်း မတ် ၆ ရက်မှစ၍ သံဃာထုဖြင့် ကံဆောင်သပိတ်ဆင်နွှဲရန် မင်းကိုနိုင်နှင့် ဂျင်မီတို့က ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၏ဘဏ္ဍာရေးမှူးဖြစ်သူ ဦးခင်အောင်ရွှေ(အစ္စလာမ်ဘာသာဝင်)နှင့် ရွှေဝါရောင်သံဃာများဖြစ်ကြသည့် ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်၊ ဦးဩဘာသ(ခ) ဦးဇင်းနဂါး၊ ဦးပဏ္ဍာဝံသ(ခ)ဦးဇင်းပြည်ကျော်တို့အား ချိတ်ဆက်စေကာ ငွေကြေးအထောက်အပံ့ရရှိရေး၊ရန်ကုန်နှင့်မန္တလေးမှ သံဃာတော်များစုပေါင်းကာ သံဃာတပ်ပေါင်းစုအဖြစ် ကံဆောင်သပိတ်ဆင်နွှဲရေးတို့ကို ညှိနှိုင်းလှုပ်ရှားခဲ့ကြကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် အားပေးကူညီသူ ဦးတင်မိုးတို့ကို မတ် ၁၃ ရက်တွင် အိမ်အမှတ်(၆) လုပ်သားလမ်း (င)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ ငြိမ်းချမ်းရေးအိမ်ဆောက်ပစ္စည်းဆိုင် ဖွင့်လှစ်ထားသည့် ဦးတင်မိုး၏ နေအိမ်၌ ၎င်းတို့ ၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားခံ ၂ ဦးဖြစ်သော ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် ဦးတင်မိုးတို့ကို စစ်ဆေးမေးမြန်းချက်နှင့် ဝန်ခံထွက်ဆိုချက်များအရ ၎င်းတို့သည် ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၆ ရက်အထိ CDM လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့သည် ရန်ကုန်မြို့ရှိ ဆူးလေဘုရား၊ ငါးထပ်ကြီးဘုရား၊ တရုတ်သံရုံး၊ အမေရိကန်သံရုံး၊ အင်ဒိုနီးရှားသံရုံး၊ ရုရှားသံရုံး၊ ထိုင်းသံရုံး သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်နှင့် မြေနီကုန်းတံတားအောက်တို့တွင် လှည့်လည်ဆန္ဒပြလှုပ်ရှားခဲ့ကြကြောင်း။

ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြေနီကုန်းတံတားအောက်၌ ဆန္ဒပြလှုပ်ရှားနေစဉ် ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦးခေါင်းဆောင် ကျော်ကိုကိုနှင့် တွေ့ဆုံခဲ့ပြီး General Strike Committee (GSC) ဖွဲ့စည်းလှုပ်ရှားနိုင်ရေး၊ ဦးစန္ဒာသီရိ (ခ) ဦးဇင်းပုရစ်အား GSC သပိတ်ကော်မတီ၏ နာယကအဖြစ် ဆောင်ရွက်ပေးရေး ကျော်ကိုကိုမှ ကမ်းလှမ်းတောင်းဆိုခဲ့ကြောင်း၊ အဆိုပါ General Strike Committee အား ရွှေဝါရောင်သံဃာကွန်ရက်၊ ၈၈ မျိုးဆက် ဘင်္ဂါလီလူငယ်ကွန်ရက်၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာမွတ်စလင်အင်အားစုအဖွဲ့တို့ အပါအဝင် အဖွဲ့ပေါင်း ၂၃ ဖွဲ့ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းကြောင်းကြေညာချက်ကိုလည်း Online မှတစ်ဆင့် ဖြန့်ဝေခဲ့ကြောင်း။

ထို့နောက် မတ် ၆ ရက်တွင် မင်းကိုနိုင်နှင့် ဂျင်မီတို့က တာဝန်ပေးစေခိုင်းခဲ့သဖြင့် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ဘဏ္ဍာရေးမှူး ဦးခင်အောင်ရွှေက ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်၊ ဦးဩဘာသ (ခ) ဦးဇင်းနဂါး၊ ဦးပဏ္ဍာဝံသ(ခ)ဦးဇင်းပြည်ကျော်တို့အား ဆက်သွယ်၍သံဃာများအနေဖြင့် ကံဆောင်သပိတ်ဆင်နွှဲစေလိုသည်ဟု ပြောကြားခဲ့ရာ ကံဆောင်သပိတ်အား လာမည့်တပေါင်းလပြည့်နေ့တွင် စတင်နိုင်ရန်အတွက် ဦးဩဘာသ(ခ)ဦးဇင်းနဂါးသည် မန္တလေးသံဃာများ ပူးပေါင်းပါဝင်ရန် တာဝန်ယူခဲ့ပြီး ဦးစန္ဒာသီရိအနေဖြင့် မဟာဂန္ဓာရုံစာသင်တိုက် (မရမ်းကုန်း)၊ နေနတ်သားစာသင်တိုက် (ကြည့်မြင်တိုင်)၊ အောင်မင်္ဂလာစာသင်တိုက် (အလုံ) စသည့် ကျောင်းတိုက်များမှ သံဃာများပူးပေါင်းပါဝင်လာရေး စည်းရုံးရန် တာဝန်ယူခဲ့ကြောင်း၊ ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်း) ဘဏ္ဍာရေးမှူး ဦးခင်အောင်ရွှေက ၎င်း၏ မြန်မာမွတ်စလင်အသိုက်အဝန်း (Myanmar Muslim Community) ရှိ လှူဒါန်းလိုသူများထံမှ ငွေကြေးကောက်ခံ၍ လှူဒါန်းနိုင်ရေး တာဝန်ယူခဲ့ကြောင်း တရားခံ ၂ ဦး၏ ဝန်ခံပြောဆိုချက်များအရ သိရှိရသည်။



ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်၊ ရွှေသိမ်ဓမ္မသိဂီကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဦးတင်မိုး သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သို့ဖြစ်ပါ၍ အဆိုပါ တရားခံ ၂ ဦးနှင့် ဆက်စပ်တရားခံများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ကာ ဖမ်းဆီးရမိရေး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်နှင့် လက်ခံသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ် ဝါးတစ်ရာ စက်မှုဇုန်အတွင်းရှိ စက်ရုံများမှ ပစ္စည်းလုယူသူနှင့် စက်ရုံကိုမီးရှို့ရန် ဆောင်ရွက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်မှ လျှပ်စစ်ပစ္စည်း စက်ရုံတစ်ရုံအတွင်းရှိ ပစ္စည်းများကို လုယူခဲ့သူများကို မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့မွန်းလွဲပိုင်းတွင် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန် ဗိုလ်တိုက်ချွန်းလမ်း ဟုန်ပေါင်းလျှပ်စစ်ပစ္စည်းစက်ရုံအတွင်းရှိ ပစ္စည်းများကို အတင်းအဓမ္မလုယူလျက်ရှိကြောင်း သတင်းရရှိသဖြင့် နယ်မြေခံတပ်မှ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးခဲ့ရာ စက်ရုံအနီး ပစ္စည်းများ ယူလျက်ရှိသော ဦးအောင်ထွေး(ခ)ဆာမိ၊ ဦးအောင်သက်ပိုင် (ခ) ပီချေး၊ ဦးဝင်းကိုကိုတို့ ၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်မှုဇုန်အတွင်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိစဉ် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၂) ဖွားရှင်လမ်းရှိ ဆိုလာမိုဒါ အထည်စက်ရုံအတွင်း၌ စက်ရုံကို မီးရှို့ရန် ဆောင်ရွက်လျက်ရှိသူ ဦးလင်းထက်ပိုင်နှင့် ဦးလှဝင်းတို့ ၂ ဦးအား ဒီဇယ် ၂ လီတာခန့်ပါရှိသည့် ပုံးများနှင့်အတူ အချိန်မီ လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်သူအချို့သည် စက်မှုဇုန်များအတွင်းရှိ စက်ရုံများကို မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်လျက်ရှိသည့်အပြင် စက်ရုံများအတွင်းရှိ ပစ္စည်းများကိုလည်း အတင်းအဓမ္မယူဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပါဝင်ပတ်သက်သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်ကုသ

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# CDM က ပေးတဲ့ နောင်တ

## ရဲယံ (နေပြည်တော်)

**“သူငယ်ချင်း... မင်း အဆင်ပြေရဲ့လား” လို့ ကျွန်တော် ဖုန်းကတစ်ဆင့် မေးမြန်းသံကို တစ်ဖက်က ဖုန်းကိုင်သူ သူငယ်ချင်း သူရ ကြားမယ်ထင်သော်လည်း ဖုန်းဖြေသံ တန်းမပြန်။ ရုံးအမိန့်စာပါ အကြောင်းအရာတွေ ကျွန်တော့်သူငယ်ချင်း သူရကို ဖတ်ပြနေရသော်လည်း စိတ်အစဉ်က သူငယ်ချင်းအတွက် ပူပန်လျက်ပင်။ ရုံးအမိန့်စာက သူငယ်ချင်း သူရကို အလုပ်မှ ထုတ်ပယ်စာ။**

ရုံးအမိန့်စာ ဖတ်ပြပြီးတော့ ကျွန်တော်လည်း သူငယ်ချင်း သူရကို အားပေးဖို့ အကောင်းဆုံး စကားလုံး ရွေးချယ်ရင်း ခေတ္တဆွံ့အနေမိပါတယ်။ နည်းနည်းကြာမှ သူငယ်ချင်းရဲ့ “ငါတော့ မှားသွားပြီထင်ပါတယ်ကွာ”ဟု လေးလေးကန်ကန် တုံ့ပြန်သံကြောင့် ကျွန်တော် ပိုရင်မောသွားမိပါတယ်။ သူရရဲ့ “ငါက အဲဒီလောက်ဖြစ်မယ် မထင်ဘူး” ဆိုပြီး ဆက်လက်ဖုန်းဖြေသံကြောင့် သူငယ်ချင်း သူရ အပေါ် ပိုပြီး ကရုဏာသက်မိရပါတယ်။

အစကတည်းက မင်းကို တားသားပဲ၊ မင်းမှ နားမထောင်တာ၊ လူကြီးတွေကလည်း ပြောကြသားပဲလို့ သူ့အပေါ် အပြစ်တင်စကားကို နှုတ်က ထုတ်ဖော်မဆိုနိုင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူငယ်ချင်း သူရ ဘဝအခြေအနေကို ကျွန်တော် အသိဆုံးကြောင့်ပင်။ ကျွန်တော်နဲ့ သူရ ဘဝက ကျောထောက်နောက်ခံနည်းတဲ့ အခြေခံမိသားစုက ပေါက်ဖွားခဲ့ကြသူတွေပါ။ ဘဝကို ရိုးသားကြိုးစားစွာနဲ့ ခံ့ညားအောင် တည်ဆောက်ကြမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်စိတ်ကူးကြောင့် တခြားသူငယ်ချင်းတွေထက် ကျွန်တော်နဲ့ သူရတို့ ပိုပြီး ခင်မင်ရင်းစွဲ ရှိခဲ့ပါတယ်။

ကျွန်တော်နဲ့ သူရက အဝေးသင်တက္ကသိုလ်မှာ မေဂျာတူ သူငယ်ချင်း၊ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ သွားအတူ၊ လာအတူ၊ စားအတူ စိတ်တူကိုယ်တူ သူငယ်ချင်းတွေ။ ကျောင်းပြီးလို့ ဘွဲ့ရလို့ အစိုးရဌာနတစ်ခုမှာ အလုပ်အတူလျှောက်၊ အငယ်တန်းစာရေး ရာထူးနေရာနဲ့ နေပြည်တော်မှာ အလုပ်အတူရခဲ့ပြီး လုပ်ငန်းခွင်အထိ မခွဲအတူတူ။

### ဂုဏ်ယူခဲ့ကြ

သူငယ်ချင်းနှစ်ယောက် အငယ်တန်းစာရေး အဆင့်မှ ဒုတိယဦးစီးမှူးအဆင့်အထိ အဆင့်ဆင့် တိုးမြှင့်ခံရပြီး အရာရှိငယ်ဘဝနဲ့ အနာဂတ်အတွက် ကြိုးပမ်းနေကြသူတွေ။ ၂၀၁၀ ပြည့်နှစ် အလုပ်ရခါစ အချိန်က သူငယ်ချင်းနှစ်ယောက်သား လစာထုတ်ရက်များဆို ပျော်မဆုံးပင်။ လစာအများကြီးရတဲ့ ကုမ္ပဏီဝန်ထမ်း မဟုတ်သော်လည်း ကျွန်တော်တို့ နှစ်ယောက်က ပြည်သူ့ဝန်ကို ထမ်းဆောင်ရတဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်ရတဲ့ အရသာကို နှစ်သက်ကြတယ်၊ ပီတိဖြစ်ခဲ့ကြတယ်၊ ဂုဏ်ယူခဲ့ကြပါတယ်။ ရတဲ့ လစာကိုပဲ မက်မောခဲ့ကြပါတယ်။

နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်ထမ်းဆောင်ရင်း လစဉ်ရရှိတဲ့ လစာတချို့ တစ်ဝက်ကို သရက်မြို့နယ်က မိသားစုထံ ထောက်ပံ့ပေးပြီး မိဘကို အတတ်နိုင်ဆုံး ကျေးဇူးပြုနေတဲ့ သားလိမ္မာလေး သူရ။ ဆိုးလို့ မဟုတ်၊ မိုက်လို့မဟုတ်၊ ကံငါးပါး ဖောက်ပြားလို့မဟုတ်ဘဲ ဆုံးဖြတ်ချက်အမှားတစ်ခုကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါပြီ။ သူရက နိုင်ငံရေးခံယူချက် ခိုင်ခိုင်မာမာရှိလို့ CDM လုပ်ဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချခဲ့တာမျိုးမဟုတ်ဘဲ ဖေ့စ်ဘွတ်က သွေးထိုးလှုံ့ဆော်မှုတွေကို ရောရောယောင်ယောင်နဲ့ နားယောင်ခဲ့ခြင်းသာ။

အခုတော့ ကျွန်တော်တို့ တစ်လမ်းစီ လျှောက်ဖို့ အချိန်ဖန်လာခဲ့ပါပြီ။ တစ်လမ်းစီအစက ဘယ်က စလဲဆိုရင် CDM က စတယ်လို့ ပြောရပါမယ်။ “စဉ်းစားပါဦးကွာ” လို့ အကြိမ်ကြိမ် ကျွန်တော့်ရဲ့ တားဆီးမှုကြားကပင် သူရ နိုင်ငံ့ဝန်ထမ်းအဖြစ်ကနေ CDM မှာ ပါဝင်မယ်လို့ဆိုကာ ရုံးကို စွန့်ခွာခဲ့ပါတယ်။ “ဖေ့စ်ဘွတ်မှာ CDM လုပ်ပြီ” ဆိုကာ ကြွေးကြော်ခဲ့တဲ့ သူငယ်ချင်း သူရ အစမှာတော့ တက်ကြွလို့မဆုံး။ ရုံးက ဖုန်းနဲ့၊ စာနဲ့ ရုံးပြန်တက်ရန် အကြိမ်ကြိမ် ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း CDM အဖြစ် နောက်ဆုံးအထိ ရပ်တည်သွားမယ်ဆိုပြီးသာ သူရက အကြောင်းပြန်ခဲ့ပါတယ်။

### CDM ကြောင့် ပျက်စီး

ကျွန်တော့်ကိုပင် သူနဲ့အတူ မပါဝင်ရကောင်းလားလို့ သူရက အပြစ်တင်မဆုံး။ ကျွန်တော့်ကို CDM မပါဝင်တဲ့အတွက် Social Bullying လုပ်ခံရတဲ့အထဲ ပါနိုင်တယ်လို့ စိတ်ပူလို့မဆုံးခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း သူရဟာ သူယုံကြည်မိခဲ့တဲ့ CDM ကြောင့် အခုတော့ အလုပ်က ထုတ်ပယ်ခံခဲ့ရပါပြီ။ ကျွန်တော်ကတော့ အခြေအနေမပျက်ခဲ့ပါ။ ရောရောယောင်ယောင်နဲ့ နားယောင်ခဲ့မိလို့ အချိန်တွေပေးပြီး အဆင့်ဆင့်တည်ဆောက်ခဲ့ရတဲ့ သူရရဲ့ ဝန်ထမ်းဘဝ အသိုက်အမြုံတစ်ခုဟာ CDM ကြောင့် လပိုင်းအတွင်းမှာပဲ ပျက်စီးသွားရပြီဖြစ်ပါတယ်။

### နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့

ကျွန်တော်တို့ နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့၊ ပြည်သူ့တာဝန်ထမ်းဆောင်ဖို့ နိုင်ငံ့ဝန်ထမ်းဖြစ်ချင်ခဲ့ကြတာ ဖြစ်ပါတယ်။ CDM မှာ ပါဝင်ပြီး ပြည်သူ့အတွက် အလုပ်မလုပ်တော့ရင်၊ ဝန်ဆောင်မှုမပေးနိုင်တော့ရင် ပြည်သူတွေ ဘာအလုပ် လုပ်လုပ် အဆင်ပြေပါ့မလားဆိုတဲ့ ရိုးရှင်းတဲ့ အကြောင်းအရာ တစ်ခုကို သူရက ခက်ခဲစွာ တွေးတောခဲ့ပါတယ်။

> **“သူငယ်ချင်းရာ ပထမတော့ ငြိမ်းချမ်းစွာဆန္ဒပြတဲ့ CDM လှုပ်ရှားမှုတွေကို သဘောကျခဲ့ပါတယ်။ ဖေ့စ်ဘွတ်က တချို့ပို့စ်တွေကလည်း ဝန်ထမ်းတွေ CDM လှုပ်ရှားမှုတွေလုပ်ရင် အလုပ်မပြုတ်ဘူး။ အားရစရာဆိုတာကိုး။ နည်းနည်း အချိန်ကြာလာတော့ အကြမ်းဖက်တာတွေ ပါလာတယ်။ ဒါမျိုးတွေကိုတော့ ငါသဘောမကျဘူး။ သဘောမကျလို့ လုပ်လည်းမလုပ်တော့ဘူး။ ငါလည်း နောင်တရပါတယ်။ ငါ သဘောကျတဲ့အလုပ်ကတော့ မရှိတော့ဘူး။ ခုတော့ အိမ်မှာပဲ နားနေရတာပေါ့ကွာ။ ဆန္ဒပြတာတွေ တည်ငြိမ်သွားတဲ့ အချိန်ကျမှ အလုပ်သစ်ပြန်ရှာမှာပေါ့” လို့ သူ့ရဲ့ အခြေအနေကို ဆိုလာတဲ့ သူရဟာ နောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့်သာ”**

CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံး လူမှုစီးပွားဘဝ အခက်အခဲကြုံတာက အခြေခံပြည်သူတွေပါပဲ။

CDM လှုပ်ရှားမှုတွေမှာ ပြည်သူတွေ သာမက CDM ဓားစာခံအဖြစ် နိုင်ငံ့ဝန်ထမ်းတွေ ပါဝင်ခဲ့ကြပါတယ်။ အစိုးရ ယန္တရားရပ်တန့်သွားဖို့ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မလုပ်အောင် လှုံ့ဆော်သွေးထိုးမှုတွေကြောင့် သူရလို CDM ဓားစာခံဖြစ်သွားတဲ့ နိုင်ငံ့ဝန်ထမ်းတွေလည်း မနည်းပေ။ သွေးထိုးလှုံ့ဆော်သူတွေ ထင်သလို အစိုးရယန္တရားကတော့ ရပ်မသွားပါ။ ပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်အောင် CDM မပါဝင်တဲ့ ဝန်ထမ်းတွေက ကြိုးပမ်းဆောင်ရွက်ပေးနေကြဆဲပါ။ ဒီလိုအခြေအနေတွေကို သူရ သဘောပေါက်နားလည်ချိန်ဟာ နှောင်းခဲ့ပါပြီ။

### နောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့်သာ

“သူငယ်ချင်းရာ ပထမတော့ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ CDM လှုပ်ရှားမှုတွေကို သဘောကျခဲ့ပါတယ်။ ဖေ့စ်ဘွတ်က တချို့ပို့စ်တွေကလည်း ဝန်ထမ်းတွေ CDM လှုပ်ရှားမှုတွေလုပ်ရင် အလုပ်မပြုတ်ဘူး။ အားရစရာဆိုတာကိုး။ နည်းနည်း အချိန်ကြာလာတော့ အကြမ်းဖက်တာတွေ ပါလာတယ်။ ဒါမျိုးတွေကိုတော့ ငါသဘောမကျဘူး။ သဘောမကျလို့ လုပ်လည်း မလုပ်တော့ဘူး။ ငါလည်း နောင်တရပါတယ်။ ငါ သဘောကျတဲ့ အလုပ်ကတော့ မရှိတော့ဘူး။ ခုတော့ အိမ်မှာပဲ နားနေရတာပေါ့ကွာ။ ဆန္ဒပြတာတွေ တည်ငြိမ်သွားတဲ့ အချိန်ကျမှ အလုပ်သစ်ပြန်ရှာမှာပေါ့” လို့ သူ့ရဲ့ အခြေအနေကို ဆိုလာတဲ့ သူရဟာ နောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့်သာ။

CDM မလုပ်တော့ဘဲ လုပ်ငန်းခွင်ကို အချိန်မီပြန်ဝင်နိုင်ပြီးတော့ နဂိုမူလအတိုင်း အပြုံးမပျက် ရုံးပြန်တက်ကြသူတွေ ရှိကြပါတယ်။ ဒါပေမယ့် သူရလို အရှိန်လွန်သွားတဲ့ လူငယ်ဝန်ထမ်းတွေလည်း ရှိခဲ့ပါတယ်။

အရှိန်လွန်သွားပြီဖြစ်တဲ့ သူရကတော့ “ငါ့ရဲ့ အဆောင်က ပစ္စည်းတွေကို သူငယ်ချင်း မင်းဆီမှာ ခဏသိမ်းထားပေးပါ။ CDM လှုပ်ရှားမှုတွေ ငြိမ်သွားပြီး အေးအေးချမ်းချမ်းရှိတော့မှ ကားနဲ့ တင်ပေးလိုက်ပါ ”လို့ “ပတ်စာခွာ ဖျာသိမ်း” လုပ်ဖို့ မှာနေတဲ့ သူငယ်ချင်းအတွက် အဆင်ပြေပါစေကြောင်း ဆုတောင်းပေးရုံသာ။

အခုတော့ CDM လှုပ်ရှားမှုတွေရဲ့ ဓားစာခံဖြစ်ခဲ့ရတဲ့ သူရလို နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေအရ၊ စည်းမျဉ်းစည်းကမ်းတွေအရ အလုပ်ကနေ ရပ်နားခံရကာ အရေးယူခံနေကြရပါပြီ။ နိုင်ငံ့ဝန်ထမ်းဆိုတာ လိုက်နာရမယ့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိပြီးသားဖြစ်ပါတယ်။ မြှောက်ပင့်လှုံ့ဆော်သူတွေကတော့ မိသားစုအခြေအနေမပျက်၊ လမ်းပေါ်လည်းမထွက်၊ ဖေ့စ်ဘွတ်ပေါ်ကနေသာ “လော်” နေကြခြင်းသာ။

မြှောက်ပင့်လှုံ့ဆော်သူတွေရဲ့ “လော်” ကောင်းမှုကြောင့် ဝန်ထမ်းအဖြစ် လုပ်သက်နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီးမှ ပင်စင်ယူခါနီးအချိန် ပင်စင်ခံစားခွင့် မရတော့တဲ့ CDM လှုပ်ရှားမှုတွေရဲ့ ဓားစာခံ နိုင်ငံ့ဝန်ထမ်း ဦးကြီး၊ ဒေါ်ကြီးများအတွက်လည်း နှမြောစရာ။ ကိုယ်ကျိုးထက် အများအကျိုးကို ရည်မှန်းပြီး ဝန်ထမ်းအဖြစ် တစ်ဘဝလုံး အချိန်ပေးနှစ်မြှုပ်လုပ်ကိုင်ပြီးတော့မှ ရလာတဲ့ ပင်စင်ခံစားခွင့် အနှစ်သာရဟာ လေးနက်ပါတယ်။ ဒါကြောင့် ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ကို “ပင်စင်က မက်စရာရှိလို့လား” ဟု မေးလျှင် “မက်ပါတယ်” ဟု ဖြေရမည်သာ။

### လူမှုစီးပွားဘဝတွေ ထိခိုက်

အမျိုးမျိုးသော အကြောင်းအရာတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အဓိက ပစ်မှတ်ထားတဲ့ CDM လှုပ်ရှားမှုတွေကြောင့် အခုလိုမျိုး နိုင်ငံ့ဝန်ထမ်းတွေ ဒုက္ခရောက်ကြသလို အများစုသော အခြေခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိပါတယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်ခြင်းဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ အခြေခံဘဝများကို အမှန်တကယ် ကိုယ်စားမပြုပါ။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ CDM လှုပ်ရှားမှုကို စိတ်ညွတ်မှုများရှိခဲ့ရင် ကျွန်တော့်သူငယ်ချင်း သူရလို နှောင်းနောင်တ မရရလေအောင်နဲ့ ပြည်သူ့ဝန်ကို ထမ်းနိုင်တဲ့ နိုင်ငံ့ဝန်ထမ်းဘဝမှာ ကြိုးစားရပ်တည်နိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**


## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ်လ ၂၀ ရက်(စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အစားသန်သော ဖိုးပုအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးပုပါဝင်သော အလကားဘီလူး" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံအကြောင်းကို ကလေးတို့ ဗဟုသုတရစေရန် တင်ဆက်ထားသည့် "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ" သုတဆောင်းပါး၊ မိုဘိုင်းဖုန်းကို အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးများအကြောင်းကို တင်ဆက်ထားသည့် "ရွှေသွေးတို့ မိုဘိုင်းဖုန်းသုံးစွဲမှုအန္တရာယ်" သုတဆောင်းပါး၊ သူငယ်ချင်းအပေါ် အလိုက်သိတတ်သော ရန်ပိုင်စိုးအကြောင်းကို တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ အကြောက်တရားမထားသင့်သော အရာများပေါ်တွင် ကြောက်စိတ်မွေးမြူ မထားသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ကြောက်စရာအကောင်းဆုံးရန်သူ" ဝတ္ထုကြက္ကာ၊ မိမိနှင့် မလိုက်ဖက်သော အပေါင်းအသင်းကို ပေါင်းသင်းဆက်ဆံမိရာမှ ဒုက္ခရောက်ရပုံအကြောင်းကို တင်ဆက်ထားသည့် "အိုးနှစ်လုံး" ပုံပြင်ကဏ္ဍာ အပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍာ၊ ဉာဏ်စမ်းကဏ္ဍာ၊ ကဗျာကဏ္ဍာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




## (၂၇) ကြိမ်မြောက် Yamagata Banto Prize အတွက် အမည်စာရင်း ပေးပို့နိုင်

**နေပြည်တော် မတ် ၁၉**

ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုကို နိုင်ငံတကာမှ ပိုမိုသိရှိနားလည်ရေး စွမ်းဆောင်ပေးနိုင်သည့် စာရေးဆရာများကို ပေးအပ်သည့်ဆုဖြစ်သော (၂၇) ကြိမ်မြောက် Yamagata Banto Prize အတွက် အမည်စာရင်း ပေးပို့နိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဆုပေးအပ်ခြင်းမှာ နိုင်ငံတကာတွင် လူသိများသည့် ဂျပန်နိုင်ငံ အိုဆာကာ ဒေသမှ အဲဒိုခေတ်နှောင်းပိုင်းပညာရှင် Yamagata Banto ကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၈၂ ခုနှစ်မှစတင်၍ အိုဆာကာခရိုင် အစိုးရက The Osaks's International Cultural Awards အဖြစ် Yamagata Banto Prize အား နှစ်စဉ်နိုင်ငံတကာမှ ပညာရှင်များကို ရွေးချယ်၍ ပေးအပ်လျက်ရှိသည်။

ယင်း Yamagata Banto Prize အတွက် အဆိုပြုသူတစ်ဦးက စာရေးဆရာတစ်ဦး၏ အမည်နှင့် ၎င်းရေးသားခဲ့သည့် စာအုပ်များနှင့်အတူ အဆိုပြုပါဝင်နိုင်သည်။ အဆိုပြု ပါဝင်လိုသူများအနေဖြင့် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ bunka@sbox.perf.osaka.lg.jp သို့ ဆက်သွယ်ပေးပို့နိုင်ပြီး ဆုရရှိသူများ၏ စာရင်းကို ၂၀၂၂ ခုနှစ် မတ်လတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျော်ဖုံးမှ*

မသမာသူများက ဖြုတ်၍ဖယ်ရှားထားကြောင်း သိရှိရသဖြင့် အငယ်တန်းအင်ဂျင်နီယာ(၃) သံလမ်းနှင့် ဝန်ထမ်းအင်အား ခြောက်ဦးတို့ဖြင့် သွားရောက်ပြုပြင်ခဲ့ရာ နံနက် ၁၀ နာရီတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း။

ထို့နည်းတူ သဃ်န်းကျွန်းမြို့နယ်အတွင်း ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းရှိ ရထားသံလမ်းကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် မသမာသူ အကြမ်းဖက်သမားများက ဖြုတ်ယူမှု ဖြစ်ပွားခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်တွင် မတ် ၁၇ ရက် နံနက်ပိုင်းက Honda Fit အနက်ရောင်၊ ယာဉ်အမှတ် YGN 2F-3959 ဖြင့် သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်ဘက်မှ စီးနင်းလာသော မသမာသူလူ (၅)ဦးနှင့် (ခ)ရပ်ကွက်၊ ဇဝနဘက်ခြမ်းမှ ခြေလျင်လျှောက်လာသော မသမာသူလူ(၅)ဦး စုစုပေါင်း ၁၀ ဦးတို့သည် သဃ်န်းကျွန်းမြို့နယ် အဝေရာလမ်း ရထားလမ်းဆုံ Level Crossing အနီးတွင်တွေ့ဆုံပြီး အဆိုပါနေရာအနီးရှိ ရန်ကုန်-မန္တလေး ရထားသံလမ်းကို ဖြုတ်သွားခဲ့ကြောင်း။

အထက်ပါကိစ္စနှင့် ပတ်သက်၍ မွန်းလွဲ ၃ နာရီတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ရထားရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးရထားလမ်း နှင်းဆီကုန်း- သဃ်န်းကျွန်းဘူတာကြား မိုင်တိုင်အမှတ် (၄/၂၀)နေရာတွင် အဆန်ရထားလမ်း (၃၉)ပေအရှည် ရထားသံလမ်း တစ်ဆက်ဖြုတ်ထားခြင်း၊ အစုန်ရထားလမ်း (၃၉)ပေအရှည် ရထားသံလမ်းတစ်ဆက် ကွန်ကရစ် ဇလီဖားတုံးမှ သံလမ်းထိန်းကလစ် ဖြုတ်ထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရကြောင်း။

ဖော်ပြပါ ရထားလမ်းပျက်စီးမှုများကို သဃ်န်းကျွန်းမြို့နယ်၊ မိုင်တိုင် အမှတ် (၄/၃-၄)တွင် မြန်မာ့မီးရထားမှ တိုင်းတာဝန်ခံဦးစီး၍ အငယ်တန်းအင်ဂျင်နီယာ (၁)နှင့် သံလမ်းပြုပြင်ရေး လုပ်သား ၁၅ ဦးတို့က ပြုပြင်ဆောင်ရွက်ခဲ့ရာ မတ် ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြုပြင်ပြီးစီးခဲ့ကြောင်း၊ ရထားလမ်း သံလမ်းပျက်စီးမှုနှင့် ပတ်သက်၍ မတ် ၁၇ ရက်တွင် သဃ်န်းကျွန်းရဲစခန်း၌ (ပ)(၁/၂၀၂၁) ရထားပို့ဆောင်ရေးဥပဒေ ပုဒ်မ (၈၄) ဖြင့် အမှုဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မသမာသူများ ဖျက်ဆီးသွားသည့် ရထားသံလမ်းအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူအား ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့ နံနက် ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုရန် လက်နက်နှင့် လောင်စာဆီပုလင်းများ စုဆောင်းထားရှိကြောင်းသတင်းအရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ(၁၇)လမ်း အိမ်အမှတ် (၉၉၉/ခ)နေ ဝင်းမင်းသိုက်၏ နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ရှာဖွေခဲ့ရာ နေအိမ်အတွင်း လှလှနွယ်(ခ) ဒေါ်လှလှ (၅၂)နှစ် (ဘ) ဦးလှမြင့်ကို တွေ့ရှိဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ နေအိမ်အတွင်း ဘီယာပုလင်းခွံများအတွင်း ဓာတ်ဆီများထည့်ပြီး ပုလင်းအဝတွင် အဝတ်စကို တိပ်ဖြင့်ပတ်လျက်ပြုလုပ်ထားသော ပုလင်းအလုံး ၂၀၊ ဓာတ်ဆီထည့်ထားသည့် ပုံး ၁ ပုံး၊ ၂ x ၁ သစ်သားချောင်းကို လေသေနတ်ပုံစံ ပြုလုပ်ရန်ပြင်ဆင်ထားသည့် အပြာနုရောင် ကော်ပိုက်လေအိုးတပ်ဆင်ထားသော လက်လုပ် လေသေနတ် ၁ လက်၊ အနံ(၁)ပေခွဲ အလျား(၃)ပေခန့်ရှိ ငွေမှင်ရောင်ခဲပတ်စက္ကူ အပိုင်းအစ ၁ ခု၊ နွေဦးတော်လှန်ရေး "We Want Democracy Release Our Leaders" စာတန်းပါ အဝါရောင် ဆောက်လုပ်ရေးသုံးဦးထုပ် ၂ လုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ၂ ခု၊ လေကာမျက်မှန် ၂ ခု၊ သားရေလက်အိတ် ၂ စုံ၊ Fire Stop စာတန်းပါအနီရောင် မီးသတ်ဆေးဘူး ၁ ဘူး၊ လက်ကိုင်ဖုန်း ၁ လုံးနှင့် "စခန်းမီးရှို့ရန်" ဟု ရေးသားထားသည့် အလျား(၂)ပေခွဲ အနံ(၂)ပေခန့်ရှိ အဖြူရောင် Whiteboard (၁) ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။ **(ဝဲပုံ)**

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသော တရားခံကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့နယ် အနောက်စုရပ်ကွက်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် ဒေသန္တရလက်လုပ်မီးခိုးမိုင်းများ ပြုလုပ်နေသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု အနောက်စုကနောရပ်ကွက်နေ ချောကိုကိုထွန်း အသက်(၂၆ နှစ်)၊ မဝင်းဝင်းမော် အသက် (၃၀ နှစ်) တို့သည် ၎င်းတို့၏နေအိမ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်အတွက် ဒေသန္တရလက်လုပ်မီးခိုးမိုင်းများ ပြုလုပ်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၅ ရက် ည ၇ နာရီခန့်တွင် သွားရောက်စစ်ဆေးရှာဖွေခြင်းများ ပြုလုပ်ရာ မဝင်းဝင်းမော်နှင့်အတူ ယမ်းစိမ်း ၁ ပိဿာ၊ ရောင်စုံဖယောင်း ခဲတံ ၄၈ ချောင်း၊ မီးခိုးမိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် မတ်ခွက် ၂ ခွက်၊ ခဲပြားစက္ကူ ၁ လိတ်၊ ၂ ဒသမ ၅ လက်မခန့်ရှိ ဝါးလုံးထိပ်တွင် သံများ ကန့်လန့်ဖြတ်ရိုက်ထားသည့် သံဆူးတုတ် ၁၂ ချောင်း၊ သံတုတ် ၃ ချောင်းနှင့် မီးခိုးမိုင်း ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ချောကိုကိုထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ မဝင်းဝင်းမော်နှင့် မီးခိုးမိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လက်ပံတန်းမြို့မရဲစခန်းသို့အပ်နှံပြီး ရာဇသတ်ကြီး ပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသော ချောကိုကိုထွန်းအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပူးပေါင်း၍ အပူတပြင်း လိုက်လံရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့ မွန်းတည့် ၁၂ နာရီတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုံးထွန်ရပ်ကွက် ကျောက်တောင်ဝမ်မိုင်ရွာနေ အောင်နိုင်ဦး (ခ) အောင်နိုင် (၂၄)နှစ် (ဘ) ဦးဘစိန်၏နေအိမ်တွင် ဆူပူအကြမ်းဖက်မှုများ၌ အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို ပြုလုပ်ထားရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ရှာဖွေရာတွင် နေအိမ်အတွင်း အောင်နိုင်ဦး(ခ) အောင်နိုင်၊ သီဟဖြိုး၊ စိုင်းထွန်းအောင်၊ ပိန်သေး(ခ)ဇာနည်ကိုကို၊ ငြိမ်းချမ်းနှင့် စိုင်းမဟာကျော်စွာ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဒေသန္တရ လက်ပစ်ဗုံး ၅၃ လုံး၊ ဒိုင်းကြီး ၁၄ ခု၊ ဒိုင်းသေး ၁၂ ခု၊ ဟဲလ်မက် ၁၃ လုံး၊ သံချွန် ၁၀ ချောင်း၊ ဓားရှည် ၁ ချောင်း၊ ဓားမြှောင် ၂ ချောင်း၊ ဓာတ်ငွေ့ကာမျက်နှာဖုံး အခု ၂၀၊ ရိုးရိုးမျက်နှာဖုံး ၄၆ ခု၊ ကျင်စက် ၃ ခု၊ လေးခွ ၃ လက်၊ ရောင်ပြန်အင်္ကျီ ၁၁ ထည်၊ ကားဘီးပေါက်စေရန်အတွက် ပြုလုပ်ထားသော သံချွန်တပ်ဖော့ပြား ၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ။

# အောင်ပန်းမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား ၆ ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရရှိ


လမ်းမများ၌ ပိတ်ဆို့ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားစဉ်။

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ် ကလောမြို့နယ် အောင်ပန်းမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား ၆ ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၉ နာရီခန့်တွင် အောင်ပန်းမြို့ အမှတ် (၁) ရပ်ကွက် ဦးသန့်လမ်း၌ ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်မှ အများပြည်သူသွားလာသော လမ်းမပေါ်တွင် အတားအဆီးများ ပိတ်ဆို့ချထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှင်းလင်းဖယ်ရှားစဉ် ဆူပူအကြမ်းဖက်သူများက ဟန့်တားနှောင့်ယှက်သဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ၃ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

အထက်ဖော်ပြပါဖြစ်စဉ်မှ လူစုကွဲ၍ ထွက်ပြေးသွားသော လူအုပ်စုသည် နံနက် ၁၀ နာရီခန့်တွင် ဗထူးလမ်းဆုံ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းလမ်းနှင့် ဈေးလမ်းဆုံတို့၌ အင်အား ၁၀၀၀ ခန့် ထပ်မံစုဖွဲ့ကာ အများပြည်သူသွားလမ်းမကြီးကို အတားအဆီးများဖြင့်ပိတ်ဆို့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုခဲ့သဖြင့် လူစုခွဲရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သတိပေးဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူ လူအုပ်စုသည် လိုက်နာမှုမရှိသည့်အပြင် တူမီးသေနတ်၊ လေသေနတ်၊ မီးကွင်း၊ လောက်လွှဲစင်၊ လေးခွတို့ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြင်းထန်စွာ အကြမ်းဖက်ရန်ပြု ပစ်ခတ်ခဲ့သည့်အပြင် ဝိုင်းဝန်းညှပ်ပိတ်လုံးထွေးကာ လုံခြုံရေးတပ်ဖွဲ့၏ လက်နက်များကို လုယူကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပြန်လည်ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်လူအုပ်စု လူစုကွဲ၍ ပြန်လည်ဆုတ်ခွာသွားပြီး လူအုပ်စုအတွင်းမှ အမျိုးသား ၆ ဦးသေဆုံးကာ အမျိုးသား ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ် နှစ်ခုအတွင်း ဖမ်းဆီးရမိသော အမျိုးသား ၁၉ ဦးအနက် ၁၆ ဦးမှာ ဒဏ်ရာရရှိထားသဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်မြို့နယ်၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် လက်လုပ်သေနတ် ၄ လက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ဆူပူအကြမ်းဖက်သူ အမျိုးသား ၇ ဦး ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် လက်လုပ်သေနတ် ၄ လက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ဆူပူအကြမ်းဖက်သူ အမျိုးသား ၄ ဦး ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ လှိုင်မြို့နယ် ရွာမကျောင်းလမ်းနှင့် ဇေယျမေတ္တာ လမ်းသွယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အများပြည်သူသွားလမ်းမကြီးကို ဆူပူအကြမ်းဖက်သူများက ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဓာတ်ဆီပုလင်း၊ လေးခွများဖြင့် အကြမ်းဖက်ရန်ပြုလာရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ကာ ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား ၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်ရာတွင် အသုံးပြုခဲ့သည့် ဓာတ်ဆီပုလင်း ၁၈ လုံး၊ သံဒိုင်း ၄၄ ခု၊ ကော်ဒိုင်း ၁၇ ခု၊ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်သေနတ် ၄ လက်နှင့် လက်ကိုင်စကားပြောစက် ၂ လုံး တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သည့် အမျိုးသား ၇ ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြလူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိ၍ ဆူပူအကြမ်းဖက်သူ အမျိုးသား ၁ ဦး သေဆုံး

**နေပြည်တော် မတ် ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆူပူအကြမ်းဖက် ဆန္ဒပြလူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိ၍ ဆူပူအကြမ်းဖက်သူ အမျိုးသား ၁ ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကယားပြည်နယ် လွိုင်ကော်မြို့ ထေးတမရပ်ကွက် ညဈေးအနီး လမ်းမပေါ်တွင် လူစုလူဝေးအင်အား ၅၀ ခန့်သည် ဆူပူဆန္ဒပြနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် ခြောက်လှန့်ပစ်ခတ်ထိန်းသိမ်းခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ၎င်းတို့ပြုလုပ်ထားရှိသည့် အတားအဆီးများကို ဖယ်ရှားရှင်းလင်းခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီးတွင် ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၇၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အထက်ဖော်ပြပါ နေရာတစ်ဝိုက်တွင်ရှိသော အတားအဆီးများကို ဆက်လက်ဖယ်ရှားရှင်းလင်းနေစဉ် မီးရထားသံလမ်းအနီး၌ လူစုကွဲသွားခဲ့သည့် ဆန္ဒပြသူ အင်အား ၁၃၀ ခန့် ထပ်မံစုစည်းရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုတ်၊ ခဲ၊ လေးခွများ၊ လက်လုပ်မျက်ရည်ယိုဗုံးများဖြင့် အဆက်မပြတ် ပစ်ခတ်လာသဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ယင်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်ဆန္ဒပြသူ အမျိုးသား ၁ ဦး (စိစစ်ဆဲ) မှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကာ မွန်းလွဲပိုင်းတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ဆူပူအကြမ်းဖက်ဆန္ဒပြ လူစုလူဝေးထံမှ သံဒိုင်းများ၊ ဖိုက်ဘာဒိုင်းများ၊ လေးမြောင့်သံချွန်များ၊ လက်လုပ်မျက်ရည်ယိုဗုံးများနှင့် ဓာတ်ဆီပုလင်းများ စသည့်အကြမ်းဖက်ရာတွင် အသုံးပြုသော ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*

စုစုပေါင်း ၅၇၁၉ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၀၇၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၁၀၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၁၈၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဘုန်းမောက်ကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ ဆောက်သမ်တန် တက်လှမ်းသွားနိုင်မလား

# ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ကူတဲ့ အန်ဆယ်လော့တီရဲ့ အဲဗာတန်






■ မိုးဇက် - စုစည်းသည်

## ဘုန်းမောက် VS ဆောက်သမ်တန်

**နောက်ဆုံးတွေ့ဆုံမှု ဘုန်းမောက် ၀-၂ ဆောက်သမ်တန်**

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် ည ၆ နာရီ ၄၅ မိနစ်တွင် ဘုန်းမောက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဘုန်းမောက်အသင်းက ချန်ပီယံရှစ်ကလပ်တွင် ကစားနေတဲ့အသင်းဖြစ်ပြီး ဆောက်သမ်တန်အသင်းက ပရီမီယာလိဂ်ကလပ်တွင် ကစားနေတဲ့ အသင်းဖြစ်ပါတယ်။

ဘုန်းမောက်အသင်းအနေနဲ့ ချန်ပီယံ ရှစ်မှာ ၃၇ ပွဲကစားပြီး ၅၉ မှတ်နဲ့ အဆင့် (၇) နေရာမှာ ရပ်တည်နေပါတယ်။ ဆောက်သမ်တန်အသင်း က ပရီမီယာလိဂ် ၂၉ ပွဲကစားပြီး ၃၃ မှတ်နဲ့ အဆင့် (၁၄) နေရာမှာ ရပ်တည်နေတဲ့ အသင်း ဖြစ်ပါ တယ်။ ဒါကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်မှာ ချန်ပီယံရှစ်ကလပ်နဲ့ ပရီမီယာလိဂ်ကလပ်အသင်း တို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

### ခံစစ် အဆိုးဆုံးအသင်းထဲမှာ ပါဝင်

ဘုန်းမောက်အသင်းရဲ့ ခြေစွမ်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ ပြိုင်ဘက် ဆောက်သမ်တန်အသင်းက နောက် ဆုံးသုံးပွဲမှာ တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးရှုံးနိမ့်ထားပြီး ပေးဂိုးက ခုနစ်ဂိုးအထိ ရှိထားပြီး ရဂိုးက သုံးဂိုးသာရှိထားတာကို တွေ့ရတယ်။ ဒ့ါအပြင် ပရီမီယာလိဂ် ၂၉ ပွဲမှာလည်း ပေးဂိုးက ၅၁ ဂိုးအထိ ရှိတာကြောင့် ခံစစ် အဆိုးဆုံးအသင်းထဲမှာ ပါဝင်နေတာကို သတိပြုရမယ်။

ဘုန်းမောက်အသင်းက ချန်ပီယံရှစ်မှာ ၃၇ ပွဲ ကစား ပြီး ရဂိုးက ၅၅ ဂိုးရှိပြီး ပေးဂိုးက ၃၇ ဂိုးရှိတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်မှုရှိ တာကို သတိပြုရမယ်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်နိုင်ရေး အား စိုက်ကစားလာမှာ ဖြစ်တဲ့အတွက် ပရိသတ ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဒါကြောင့် ဘယ် အသင်းနောက်တစ်ဆင့်တက်သွားမလဲမ ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## အဲဗာတန် VS မန်စီးတီး

**နောက်ဆုံးတွေ့ဆုံမှု အဲဗာတန် ၁-၃ မန်စီးတီး**

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် နံနက်အစောပိုင်းမှာ အဲဗာတန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးခြောက်ကြိမ်မှာ ခြောက်ကြိမ်စလုံးကို မန်စီးတီး အသင်းက အနိုင်ရရှိထားပါတယ်။ ဒါကြောင့် အဲဗာတန်အသင်းအနေနဲ့ အစဉ်အလာအရ မန်စီးတီး အသင်းကို မယှဉ်သာတာကို တွေ့ရတယ်။ အဲဗာတန်နဲ့ မန်စီးတီးအသင်းတို့က အဆိုပါ အဆင့်မှာ ပရီမီယာလိဂ်ကလပ် အသင်းအချင်းချင်းတွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။

### တိုက်စစ်၊ ခံစစ် အကောင်းဆုံးအသင်း

အဲဗာတန်အသင်းရဲ့ လက်ရှိခြေစွမ်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးရှုံးနိမ့်ထားတာကြောင့် အားရစရာ မရှိပါဘူး။ အမှတ်ပေးဇယားမှာလည်း နည်းပြ အန်ဆယ်လော့တီရဲ့ အဲဗာတန်အသင်းက ပရီမီယာလိဂ် ၂၈ ပွဲကစားပြီး ၄၆ မှတ်နဲ့ အဆင့် (၇) နေရာမှာ ရပ်တည်နေပါတယ်။ မန်စီးတီးအသင်းက ယခုပွဲစဉ် မတိုင်မီ ချန်ပီယံလိဂ်ပြိုင်ပွဲကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဒါပေမယ့် မန်စီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း ဆောက်သမ်တန်၊ ဖူလ်ဟမ်၊ ဂလာဘတ်စတဲ့အသင်းတွေကို ဂိုးပြတ်အနိုင်ယူထားနိုင်တာ တွေ့ရတယ်။ အဆိုပါ သုံးပွဲမှာ ရဂိုးက ၁၀ ဂိုး အထိရှိပြီး ပေးဂိုးက နှစ်ဂိုးသာရှိတာကို တွေ့ရတယ်။ ပရီမီယာလိဂ်မှာလည်း ပွဲ ၃၀ ကစားပြီး ၇၁ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်တာ တွေ့ရတယ်။ ဒ့ါအပြင် မန်စီးတီးအသင်းအနေနဲ့ အဆိုပါ ပွဲ ၃၀ မှာ ရဂိုးက ၆၄ ဂိုးအထိ ရှိပြီး ပေးဂိုးက ၂၁ ဂိုးသာ ရှိထားပါတယ်။ ဒါကြောင့် မန်စီးတီး အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှ တိုက်စစ်အကောင်းဆုံးအသင်း အဖြစ်ရှိနေသလို ခံစစ် အကောင်းဆုံးအသင်းအဖြစ်လည်း ရှိနေပါတယ်။ ဒါပေမယ့်လည်း နှစ်သင်းစလုံးနောက်တစ်ဆင့် တက်ရေးကိုသာ အာရုံစိုက်ကစားလာမှာဖြစ်တဲ့အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာ မှာပါ။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေမြင်တွေ့ရလေ့ရှိတာကြောင့်လည်း ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေပါတယ်။ မည်သို့ပင်ဆိုစေ အန်ဆယ်လော့တီရဲ့ အဲဗာတန်အသင်းထက် ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းကို ရွေးချယ်ချင်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

- လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော အင်တာမီလန်အသင်းမှ အသက် (၂၁နှစ်) အရွယ် အီတလီ ဗဟိုခံစစ်ကစားသမား ဘတ်စ်တိုနီကို ပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘတ်စ်တိုနီသည် ယခုနှစ်ရာသီ စီးရီးအေတွင် အင်တာမီလန်အသင်းအတွက် ၂၄ ပွဲ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။
- မန်စီးတီးအသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အက်စ်တွန်ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂရီရယ်လစ် (၂၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အက်စ်တွန်ဗီလာအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင် မန်စီးတီးအသင်းသည် ဂရိုနင်ဂန်အသင်းမှ ဆွီဒင်ဗဟိုခံစစ်ကစားသမား ဂုဒ်မွန်ဆန် (၂၁နှစ်) ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- အာဆင်နယ်နှင့် မန်ယူအသင်းတို့သည် ဆီဗီလာအသင်းမှ ပြင်သစ်ခံစစ်ကစားသမား ကွန်ဒီကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ကွန်ဒီသည် ယခုနှစ်ရာသီ လာလီဂါတွင် ဆီဗီလာအသင်းအတွက် ၂၃ ပွဲ ပါဝင်ကစားခွင့်ရရှိထားသည်။
- လက်စတာနှင့် လိဒ်စ်အသင်းတို့သည် အာဆင်နယ်နှင့် ဆီဗီလာအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသည့် ဖီယင်နူကွင်းလယ်ကစားသမား ကော့ခ်ကူ (၂၀နှစ်) ကို ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- အင်္ဂလန်နည်းပြ ဆောက်ဂိတ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အဖြစ် ဆန်မာရီနို၊ အယ်လ်ဘေးနီးယား၊ ပိုလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်အတွက် အသင်းကစားသမားစာရင်းသို့ ဂျက်ဆီလင်ဂတ်၊ လုခ်ရှောနှင့် ဂျွန်စတုန်းတို့ကို ခေါ်ယူခဲ့ကြောင်း သိရသည်။



# ဒီ CDM လှုပ်ရှားမှုက အစိုးရဝန်ထမ်းတွေသာ မဟုတ်ဘဲ ကျွန်မတို့လို စက်ရုံဝန်ထမ်းတွေပါ အားလုံးကို ဒုက္ခပေးတယ်

မသီသီမြင့်

**အင်တာဗျူး - ထိုက်အောင်ဝင်း**

CDM ( Civil Disobedience Movement) လှုပ်ရှားမှုများသည် ယခုအခါ တစ်လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်း CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော ပြည်ပသြဇာခံ လူတချို့က ကိုယ်ကျိုးရှေ့တန်းတင် နိုင်ငံရေးအမြတ်ထုတ်ကာ အတွေ့အကြုံမရင့်ကျက်သေးသော လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးသပ်လျှို လှုံ့ဆော်ပေးနေခြင်း ဖြစ်သည်။ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုနှင့်အတူ ဒီမိုကရေစီအနှစ်သာရကို သွေဖည်နေသည့် အဖျက်အမှောင့်လုပ်ရပ်များပါ လုပ်ဆောင်နေသည်ကို တွေ့မြင်နေရသည်။ အများပိုင်လမ်းမများပေါ်တွင် ပိတ်ဆို့တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော ပြည်သူများကို ခရီးသွားလာမှု ကြန့်ကြာစေရန် အမျိုးမျိုးအဖုံဖုံ ပြဿနာရှာနေမှုများအပြင် ပြင်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံအလုပ်ရုံများကို ဖျက်လိုဖျက်ဆီး ပြုမူဆောင်ရွက်မှုများသည် အေးချမ်းစွာ လုပ်ကိုင်နေထိုင်လိုသည့် ပြည်သူများအပေါ် များစွာထိခိုက်လျက်ရှိသည်။ CDM လှုပ်ရှားမှုမှတစ်ဆင့် ပြည်သူများအကြား ပျံ့နှံ့ကူးစက်လာသော အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသားဖော်ပြလိုက်ပါသည်။

**ခေါင်းပြားအောင်တော့ အိပ်လို့ရသွားတာပေ့ါ**

"ကျွန်မက အခုနယ်ကို ပြန်ဖို့ကားစောင့်နေတာပါ။ ဟိုနေ့က ဖြစ်စဉ်မှာ စက်ရုံမီးလောင်သွားလို့ သူငယ်ချင်းတွေ နယ်ကို အသီးသီးပြန်ကုန်ကြပြီ။ တချို့သူငယ်ချင်းတွေက နယ်မှာလည်း အလုပ်မရှိတော့ ရတဲ့အလုပ်လုပ်မယ်ဆိုပြီး အဆောင်မှာ နေခဲ့တာတွေလည်း ရှိပါသေးတယ်။ ကျွန်မကတော့ အိမ်ကလည်းစိတ်ပူလို့ ခေါ်နေတာနဲ့ ပြန်ဖို့ဆုံးဖြတ်လိုက်တာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် နယ်မှာက အလုပ်အကိုင် ဒီရန်ကုန်လောက် မကောင်းဘူး။ ဒီမှာက တစ်လကို အဆောင်ကြေးပေးပြီး အနည်းဆုံးတော့ အိမ်ကို တစ်သိန်းခွဲ၊ တစ်သိန်းလောက် လစဉ်လွှဲပို့နိုင်သေးတယ်။ နယ်ပြန်ရောက်ရင် စပါးရိတ်၊ ငရုတ်သီးခူး၊ ပဲကောက်စတဲ့ အလုပ်တွေပဲ လုပ်ရတာပေ့ါ။ ဒီရန်ကုန်မှာလို အရိပ်မှာနေပြီး လုပ်ရတာလည်း မဟုတ်ဘူးလေ။ ပြီးတော့ ပိုက်ဆံလည်း ဒီလောက်မရဘူး။ တစ်ခုတော့ ရှိတာပေ့ါ၊ မိဘအရိပ်အောက်ဆိုတော့ အေးအေးချမ်းချမ်းနဲ့ လုံခြုံမှုတော့ရှိတယ်။ ခေါင်းပြားအောင်တော့ အိပ်လို့ရသွားတာပေ့ါ။ နယ်မှာတွေက CDM လှုပ်ရှားမှုရယ်လို့ တချို့နေရာတွေမှာ ရှိပေမယ့်လည်း ဒီရန်ကုန်လောက် အခြေအနေ မဆိုးဘူးလေ။ စက်ရုံတွေ မီးလောင်တဲ့နေ့ကဆိုရင် ကျွန်မတို့သူငယ်ချင်း တစ်ဖွဲ့လုံး အဆောင်မှာတောင် မနေရဲလို့ အသိအိမ်တစ်အိမ်မှာ သွားနေခဲ့ရတာ။

**CDM လှုပ်ရှားမှုသာမရှိရင် အေးအေးချမ်းချမ်းနဲ့ အလုပ်လုပ်နေရ**

"တကယ်တော့ ကျွန်မက မိဘနဲ့ဝေးနေတာလည်း တစ်နှစ်ကျော်တော့ရှိပြီ။ ပြီးခဲ့တဲ့နှစ်မှာ စက်ရုံကလည်း ရက်ရှည်မပိတ်တော့ မိဘတွေဆီ မပြန်ဖြစ်ခဲ့ဘူး။ အဲဒါကြောင့် အမေကလည်း ခဏခဏ ပြန်လာဖို့ ခေါ်နေတာ။ အိမ်က ကျွန်မပြန်လာရင် ပိုက်ဆံမရတော့ဘူးဆိုတာ အမေတို့က သိတယ်။ ဒါပေမယ့်လည်း အမေတို့က မတတ်သာလို့သာ အဝေးတစ်နေရာသွားပြီး အလုပ်လုပ်တာကို အရင်ကလည်း မကြိုက်ဘူးလေ။ ရှေးလူကြီးတွေဆိုတော့ တောအလုပ်ကိုပဲ သူတို့က တန်ဖိုးထားကြတာ။ ကျွန်မက ဆယ်တန်းလည်း မအောင်တော့ အမေက ပိုစိတ်ပူတာပေ့ါ။ နင်ကလည်း လည်လည်ဝယ်ဝယ်လည်းမရှိ၊ ရွာမှာပဲ ပြန်ပြီး လုပ်ကိုင်စားသောက်ဖို့ ဖုန်းဆက်တိုင်း ပြောတယ်။ တကယ်တော့ ရန်ကုန်မှာ အခုလို သူငယ်ချင်းတွေနဲ့ အလုပ်သွားလိုက်၊ အလုပ်ပိတ်ရက်ဆိုလည်း စုပြီးသွားလည်လိုက်နဲ့ ဗဟုသုတလည်းရသလို ပျော်လည်းပျော်ပါတယ်။ CDM လှုပ်ရှားမှုသာ မရှိရင် အေးအေးချမ်းချမ်းနဲ့ အလုပ်လုပ်နေရပြီ။ အခုတော့ ဒီ CDM လှုပ်ရှားမှုက အစိုးရဝန်ထမ်းတွေသာ မဟုတ်ဘဲ ကျွန်မတို့လို စက်ရုံဝန်ထမ်းတွေပါ အားလုံးကို ဒုက္ခပေးတယ်" ဟု လှိုင်သာယာစက်မှုဇုန်အထည်ချုပ်စက်ရုံတွင် အထည်ချုပ်တာဝန်ထမ်းဆောင်နေသော မသီသီမြင့်က CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

**ပိုက်ဆံမပါဘဲ အိမ်ပြန်ရမှာ**

ပြည်ပအထည်ချုပ်စက်ရုံပါကင်ဌာနတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေသော ရောဝတီတိုင်းဒေသကြီးမှ ကိုမိုးထွန်းဦးကလည်း "ကျွန်တော်က နိုင်ငံခြားအထည်ချုပ်စက်ရုံရဲ့ ပါကင်ဌာနမှာ လုပ်တာခုဆိုရင် နှစ်နှစ်ထဲရောက်ပါပြီ။ လုပ်သက်လေး နည်းနည်းရလာလို့ ရာထူးလေးတိုးပေးမယ်ရှိသေး အခုလို စက်ရုံမီးလောင်သွားတော့ နယ်ခဏပြန်မယ်လို့ စိတ်ကူးပြီး ခုဟာပြန်ဖို့ ကားစောင့်နေတာပါ။ ကျွန်တော်တို့ နယ်ကတော့ ဒီအချိန်ဆို သိတဲ့အတိုင်း အလုပ်က သိပ်မရှိဘူးလေ။ အခိက စပါးပဲစိုက်တာဆိုတော့ စပါးပျိုးနုတ်နဲ့ စပါးရိတ်ဒီလောက်ပါပဲ။ အခုလိုဖြစ်တော့ စက်ရုံပိုင်ရှင်တွေလည်း ဒုက္ခရောက်၊ ကျွန်တော်တို့ အလုပ်သမားတွေက ပိုပြီးဆိုးတာပေ့ါ။ အလုပ်လက်မဲ့အကုန်ဖြစ်ကုန်တာလေ။ ရွာမှာအလုပ်မရှိလို့ အခုလို ရန်ကုန်တက် အလုပ်လာလုပ်ကာမှ အခုလို ပိုက်ဆံမပါဘဲ အိမ်ပြန်ရမှာ ပြောရရင် ရှက်တောင်ရှက်တယ်။ အိမ်ကိုလည်း ပိုက်ဆံမပို့ဖြစ်တာက ကိုဗစ်-၁၉ ကပ်ရောဂါ စဖြစ်ကတည်းက ဆိုပါတော့။ အခု စက်ရုံတွေ လုပ်ငန်းပြန်လည် လည်ပတ်တော့မယ်ကြံသေး CDM လှုပ်ရှားမှုရယ်လို့ ပေါ်လာလိုက်တာ ပြည်သူတွေ တော်တော်အခက်အခဲဖြစ်ကြတယ်"ဟု သူ၏အမြင်ကို ပြောသည်။ ။

> **"ရွာမှာအလုပ်မရှိလို့ အခုလို ရန်ကုန်တက် အလုပ်လာလုပ်ကာမှ အခုလို ပိုက်ဆံမပါဘဲ အိမ်ပြန်ရမှာ ပြောရရင် ရှက်တောင် ရှက်တယ်။ အိမ်ကိုလည်း ပိုက်ဆံမပို့ဖြစ်တာက ကိုဗစ်-၁၉ ကပ်ရောဂါ စဖြစ်ကတည်းက ဆိုပါတော့။ အခု စက်ရုံတွေလုပ်ငန်းပြန်လည် လည်ပတ်တော့ မယ်ကြံသေး CDM လှုပ်ရှားမှုရယ်လို့ ပေါ်လာလိုက်တာ ပြည်သူတွေ တော်တော်အခက်အခဲဖြစ်ကြတယ်"**

## ကျောက်ဖြူမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး

**ကျောက်ဖြူ မတ် ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တို့က လူသွားလူလာများသော အစိုးရရပ်ကွက်ရှိ မြေစာရင်းမီးပွိုင့်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းမြေ့စော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်ဆွေနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၁) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ဝင်းဇော်ဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်မောင်းနှင်သူများ၊ ဆိုင်ကယ်မောင်းနှင်သူများနှင့် အငှားယာဉ်မောင်းနှင်နေသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးပြီး မော်တော်ယာဉ်မောင်းများအား ယာဉ်မောင်းနေစဉ်အတွင်း ထိုင်ခုံခါးပတ် ပတ်ထားပြီးမှသာ မောင်းနှင်ကြရန်၊ ဆိုင်ကယ် စီးနှင်းသူများနှင့် လိုက်ပါ စီးနှင်းသူများအား ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျဝတ်ဆင်ပြီးမှသာ စီးနှင်းကြရန်၊ နှစ်ဦးထက်ပို၍ မစီးနင်းကြရန်နှင့် ပါဝါအိတ်ဇော တပ်ဆင်မောင်းနှင်ခြင်းများ မပြုလုပ်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

"ပြည်သူတွေကို ယာဉ်အန္တရာယ် ကင်းရှင်းစေဖို့အတွက် ယာဉ်အန္တရာယ် ကင်းရှင်းရေးနဲ့ မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၇၆ (ခ) အရ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ရာမှာ ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းဖွင့်ပြီး မောင်းနှင်စီနင်းကြစေဖို့နဲ့ ချမှတ်ထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ အပတ်စဉ်ကြာသပတေးနေ့တိုင်း ပူးပေါင်းအဖွဲ့တွေနဲ့အတူ အသိပညာပေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမှတ်(၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးက ပြောသည်။

ကျောက်ဖြူမြို့တွင် အဓိကလမ်းမကြီး သုံးနေရာဖြစ်သည့် မြေစာရင်း လေးခွဆုံ၊ ရုံးတက်လမ်းလေးခွဆုံ(မိခင်နှင့် ကလေးစောင့်ရှောက်ရေး-ခွဆုံ)၊ အဝေးပြေးကားဂိတ် လေးခွဆုံ စသည့် ကား၊ ဆိုင်ကယ်နှင့် လူသွားလူလာများသော အဓိကနေရာများတွင် အချက်ပြမီးပွင့်များ စိုက်ထူတပ် ဆင်ထားပြီးဖြစ်ကာ ယင်းအချက်ပြမီးများမှာလည်း လည်ပတ်နေပြီ ဖြစ်သည်။

တင်ထွန်းဦး
ဖြိုးဝေလင်း(ပြန်/ဆက်)



## ငါးမွေးမြူရေးကန်များ အပူချိန်မြင့်ထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

သစ်တော နှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး

နေရောင် အောက်က သက်ရှိ တွေကို စောင့် ရှောက်ဖို့ အိုဇုန်း လွှာကို ထိန်းသိမ်းစို့

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၃/၁)၊ ဦးပိုင်အမှတ် (တ-၁၀၅+တ-၁၀၆)၊ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိမြေကွက်အား မူလက ဦးဇေခေါင် အမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့်မြေကွက်ဖြစ်ပြီး ၃-၁၂-၂၀၀၈ ရက်တွင် ဦးဇေခေါင်ထံမှ ဒေါ်ဝါဝါလှိုင်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဝါဝါလှိုင် ၇/ညလပ(နိုင်)၁၀၃၅၃၉ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၅-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၁၁၉၅/၂၀၂၀ကို ၂၃-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၀၁/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၆၉၃)၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးမျိုးအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နွဲ့ကြည် (ဘ) ဦးအောင်ကြိုင် ၈/ပမန(နိုင်)၁၄၀၀၆၄ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၀၃/၂၀၂၁) နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂) စစ်တွေခရိုင်တရားရုံးတော် ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁ နှင့် ဆက်နွှယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် ၃

| | | |
|---|---|---|
| ဒေါ်မဝင်းမြင့်(ခ) | နှင့် | ၁။ ဒေါ်မမချေ |
| မခိုင်ခင်ကျော့ | | ၂။ ဦးအောင်စိုးဝင်း |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ဒေါ်မမချေ(ဘ) ဦးတောလှဖြူ၊ ဦးအောင်စိုးဝင်း(ဘ)ဦးစံသိန်း၊ ပြိန်ရွာ၊ ပဒေးကျွန်းအုပ်စု၊ ကျောက်ဖြူမြို့နယ်(ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင်ဒေါ်မဝင်းမြင့်(ခ) မခိုင်ခင်ကျော့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၁ ခုနှစ် ဧပြီ ၉ရက် (၁၃၈၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ် မတ် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**စစ်တွေခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ရွာကြီးတောင်အကွက်၊ ဦးပိုင်အမှတ် ( ခ/၁၅၀ )၊ မြေချိန်ဧရိယာ ၀ဒသမ ၀၆၆ ဧကရှိ ဘိုးဘပိုင်( B )၊ မြို့မြေ အား အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ ဦးအဘူမောင်ဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင် လာကာ လက်ရှိနေထိုင်သော ဇနီးဖြစ်သူ ဒေါ်အမခိုင်က အမည်ပြောင်းလဲမှုအပေါ် တစ်စုံတစ်ရာကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အမခိုင်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၂၈၈)၊ အကွက်အမှတ်(၂၇၀)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေကွက်သည် ဦးအင်ထောင်ဂမ်ခွမ်း အမည်ဖြင့် မြို့မြေကွက်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီမှ ယာယီ(လိုင်စင်) မြေပေးမိန့်ချထားပေးသည့် မြေကွက်ဖြစ်ကြောင်း၊ ယာယီ(လိုင်စင်) မြေပေးမိန့်ရရှိထားသည့် ဦးအင်ထောင်ဂမ်ခွမ်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အင်မွန်းကော့ဘူတို့ထံမှ ဦးသန်းပေါ်က ၂၅-၂-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသန်းပေါ်က ၎င်း၏သမီးဖြစ်သူ (ယခုဂရန်လျှောက်ထားသူ) ဒေါ်မြနန္ဒာသန်း ၁/မမန(နိုင်)၀၁၇၃၄၆ ထံသို့ ၂၅-၁၂-၂၀၁၇ ရက်တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးကမ်းခဲ့ပါသဖြင့် ဒေါ်မြနန္ဒာသန်း ၁/မမန(နိုင်)၀၁၇၃၄၆မှ မြေငှားဂရန်ရရှိရေးအတွက် ၁၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၅၆၀/၂၀၂၀ ကို ၂၀-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၉၃/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၂၈၉)၊ အကွက်အမှတ်(၂၅၃)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေကွက်သည် ဦးအင်ထောင်ဂမ်ခွမ်း အမည်ဖြင့် မြို့မြေကွက်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီမှ ယာယီ(လိုင်စင်) မြေပေးမိန့်ချထားပေးသည့် မြေကွက်ဖြစ်ကြောင်း၊ ယာယီ(လိုင်စင်) မြေပေးမိန့်ရရှိထားသည့် ဦးအင်ထောင်ဂမ်ခွမ်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အင်မွန်းကော့ဘူတို့ထံမှ ဦးသန်းပေါ်က ၂၅-၂-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသန်းပေါ်က ၎င်း၏သမီးဖြစ်သူ (ယခုဂရန်လျှောက်ထားသူ) ဒေါ်ခင်သူဇာသန်း ၉/ပသက(နိုင်)၀၆၆၀၂၉ ထံသို့ ၂၅-၁၂-၂၀၁၇ ရက်တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးကမ်းခဲ့ပါသဖြင့် ဒေါ်ခင်သူဇာသန်း ၉/ပသက(နိုင်)၀၆၆၀၂၉ မှ မြေငှားဂရန်ရရှိရေးအတွက် ၁၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၅၅၉/၂၀၂၀ ကို ၂၀-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၉၂/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၂၉၀)၊ အကွက်အမှတ်(၂၃၂)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေကွက်သည် ဦးအင်ထောင်ဂမ်ခွမ်း အမည်ဖြင့် မြို့မြေကွက်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီမှ ယာယီ(လိုင်စင်) မြေပေးမိန့်ချထားပေးသည့် မြေကွက်ဖြစ်ကြောင်း၊ ယာယီ(လိုင်စင်) မြေပေးမိန့်ရရှိထားသည့် ဦးအင်ထောင်ဂမ်ခွမ်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အင်မွန်းကော့ဘူတို့ထံမှ ဦးသန်းပေါ်က ၂၅-၂-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသန်းပေါ်က ၎င်း၏သမီးဖြစ်သူ (ယခုဂရန်လျှောက်ထားသူ) ဒေါ်ခင်ဇေယျာသန်း ၉/ပသက(နိုင်)၀၆၅၃၃၇ ထံသို့ ၂၅-၁၂-၂၀၁၇ ရက်တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးကမ်းခဲ့ပါသဖြင့် ဒေါ်ခင်ဇေယျာသန်း ၉/ပသက(နိုင်)၀၆၅၃၃၇မှ မြေငှားဂရန်ရရှိရေးအတွက် ၁၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၅၅၈/၂၀၂၀ ကို ၂၀-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၉၁/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၁)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ ၀ဒသမ ၁၈၄ ဧကရှိမြေကွက်ကို မူလက ဦးခရိုလအမည်ဖြင့် ၁၀-၆-၂၀၁၃ ရက်နေ့ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၇-၁၁-၁၉၉၈ရက်နေ့တွင် ဦးခရိုလထံမှ ဒေါ်ဖြူဖြူအောင်ကလည်းကောင်း၊ ၂၄-၁-၂၀၀၂ရက်နေ့တွင် ဒေါ်ဖြူဖြူအောင်ထံမှ ဒေါ်စန်းစန်းအေးကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်စန်းစန်းအေး ၁/မကန(နိုင်)၂၅၆၄၅၅အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းအသစ်ရရှိရေးအတွက် ၃၀-၁၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၁၇၅/၂၀၂၀)ကို ၇-၁-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ဆုမြတ်သဇင် (ဘ)ဦးဝင်းမောင် ၇/ပတန(နိုင်)၁၀၈၃၂၂နှင့် ဦးအောင်မွန်ဖြိုး(ဘ)ဦးမင်းဝေ ၇/ပခန(နိုင်)၂၅၂၂၀၀တို့သည် ၂၂-၇-၂၀၂၀ရက်တွင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်ဆုမြတ်သဇင်**
**ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါရဂူ(Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင်၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၁ခုနှစ် ဇွန် ၁ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှမိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့ အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁) နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂) နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့် ရရှိပါက သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁) နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့ အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်း ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက် မပိုသော) ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၆-၄-၂၀၂၁)ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | ၂၁-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ | သက်ဆိုင်ရာဘာသာရပ် |
| (ခ) | ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၉-၄၄၄၀၃၃၈၅၊ ၀၉-၄၄၀၈၉၄၅၁၄ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သင်တန်းရေးရာဌာန**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၁၇၃)၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိမြေကွက်သည် ဦးထွန်းထွန်း အမည်ဖြင့် ၂၁-၁၁-၂၀၁၈ ရက်ထိ (၁၅)နှစ် မြေငှားဂရန်အမည်ပေါက် ရရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊ ဦးထွန်းထွန်းထံမှ ဂရန်လျှောက်ထားသူ ဦးသန်းပေါ် ၉/ပသက(နိုင်)၀၀၅၈၇၇ (၁၆-၂-၂၀၀၄) ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင်ရောင်းချသူမှ မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့သွားကြောင်းမသိရှိရပါသဖြင့် မြေငှားဂရန် အမည်ပြောင်း ရရှိရေးအတွက် ၁၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၅၅၇/၂၀၂၀ကို ၁၉-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၈၈/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ပေး ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ဒလမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဲရုံပေါင်း ၂၆ ရုံ | ၂၅၄၀၈ | ၃၁၄၄၉ | ၅၉၇ | ၁၂ | ၇၁၈ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မဲရုံပေါင်း ၅၂ ရုံ | ၈၁၇၇၅ | ၇၃၅၄၁ | ၅၀၆ | ၁၈ | ၂၂၂၈ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မဲရုံပေါင်း ၂၀၄ ရုံ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၂၅၈၃၆ | ၁၅၄ | ၆၀၂၄ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဲရုံပေါင်း ၁၆၁ ရုံ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၀၅၆၅ | ၂၁၇ | ၅၄၀၀ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဲရုံပေါင်း ၁၈၂ ရုံ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၃၀၁၇၉ | ၄၃၃ | ၈၃၈၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ဒလမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

## မှော်ဘီမြို့နယ်အနီး ရန်ကုန်-ပြည် ရထားလမ်းပိုင်းနှင့် သဃ်န်းကျွန်းမြို့နယ်အနီး ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းတို့၌ မသမာသူအကြမ်းဖက်သမားများက သံလမ်းများ ဖြုတ်ထားမှုဖြစ်ပွား



မသမာသူအကြမ်းဖက်သမားများက ၃၉ ပေအရှည် သံလမ်းတစ်ချောင်း ဖြုတ်ထားမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၁၉

မှော်ဘီမြို့နယ်အနီး ရန်ကုန်-ပြည် ရထားလမ်းပိုင်းနှင့် သဃ်န်းကျွန်းမြို့နယ်အနီး ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတို့၌ မသမာသူ အကြမ်းဖက်သမားများက သံလမ်းများဖြုတ်ထားမှု ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများက အချိန်မီပြုပြင်ခဲ့ကြောင်း သိရသည်။

မှော်ဘီ မြို့နယ်အတွင်း ရန်ကုန်-ပြည် ရထားလမ်းပိုင်း လှော်ကားဘူတာနှင့် မှော်ဘီဘူတာကြား မိုင်တိုင် ၁၈/၁၄-၁၅ အတွင်းရှိ ၃၉ ပေအရှည် သံလမ်းတစ်ချောင်းကို မတ် ၁၄ ရက်က

စာမျက်နှာ ၂၆ ကော်လံ ၁ ❒

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၀၉၆၅ ဦး၊ အတွင်းလူနာ ၄၀၉၇ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတွင်တင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၇၄၄ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၉၇၅ ဦး၊

စာမျက်နှာ ၂၇ ကော်လံ ၅ ❄

**လက်ပံတန်းမြို့နယ် အနောက်စုရပ်ကွက်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် ဒေသန္တရလက်လုပ်မီးခိုးမိုင်းများ ပြုလုပ်နေသူ တစ်ဦးအား ဖမ်းဆီးရမိ**

စာ » ၂၆

## အေစီမီလန်ကို အနိုင်ယူပြီး ယူရိုပါလိဂ်ကွာတားဖိုင်နယ် တက်ရောက်ခဲ့တဲ့ မန်ယူ



ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက်ပိုင်းက အေစီမီလန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် နောက်တစ်ဆင့် တက်ရောက် နိုင်ခဲ့သည်။ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပေါ့ဂ်ဘာက သွင်းယူပေးနိုင်ခဲ့သည်။

အေစီမီလန်အသင်းနှင့် မန်ယူအသင်းတို့ ပထမအကျော့ မန်ယူအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က ပြတ်သားသည့်ရလဒ် ထွက်ပေါ်ခဲ့ခြင်းမရှိသောကြောင့် ယခုပွဲစဉ်ကို နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် မန်ယူအသင်းမှ ပေါ့ဂ်ဘာနှင့် အေစီမီလန်အသင်းမှ အီဗရာဟီမိုဗစ်တို့ ပြန်လည်ပါဝင်လာခဲ့သည်။ နိုင်ပွဲရရှိရေးအတွက် အေစီမီလန်အသင်းရော မန်ယူအသင်းပါ အကောင်းဆုံးပြင်ဆင်လာခဲ့သည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●